မြဝတီ The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

လောကကို ထွန်းလင်းတောက်ပ

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှလွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

၁၃၈၄ ခုနှစ်၊ ပြာသိုလကွယ်၊ သောကြာနေ့။ Friday, 20 January 2023 ၁၀၉၈၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစနစ်နှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရခိုင်ပြည်နယ် သံတွဲမြို့အနီးရှိ နယ်မြေခံရေတပ် ပင်မရေငုပ်နှင့် ဆယ်ယူရေးတပ်၏ လေ့ကျင့်ရေးဆောင်ရွက်နေမှုများ သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧန်နဝါရီ ၁၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဧနီး ဒေါ်ကြူကြူလှ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့် ဧနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့် ဧနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် ဧနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဧနီးများ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် သံတွဲမြို့အနီးရှိ နယ်မြေခံပင်မရေငုပ်နှင့် ဆယ်ယူရေးတပ်၏ လေ့ကျင့်ရေးဆောင်ရွက်နေမှုများနှင့် တပ်တည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ရေတပ်ပင်မရေငုပ်နှင့် ဆယ်ယူရေးတပ် လေ့ကျင့်ရေးကမ်းခြေတွင် ရေတပ်အထူးစစ်ဆင်ရေးတပ်ဖွဲ့ဝင် ရှစ်ဦးက ရန်သူ့ရေယာဉ်အား တိတ်တဆိတ် ဝင်ရောက်ဖောက်ခွဲ၍ ပြန်လည်ထွက်ခွာခြင်း(Cast & Recovery) လေ့ကျင့်ခန်း သရုပ်ပြသခြင်းနှင့် သရုပ်ပြလေ့ကျင့်နေမှုကို ကြည့်ရှုစဉ်။

ယနေ့ ဖတ်စရာ

ဥပဒေပြုရေးဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများအပေါ် လေ့လာခြင်း (ဘီလာရုစ်နိုင်ငံ)

ဆောင်းပါး စာမျက်နှာ » ၆

မဲခေါင်ဒေသတွင်းနိုင်ငံများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရန်၊ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းနိုင်ရန်နှင့် အနုပညာရှင် လူငယ်များအကြား ချစ်ခင်ရင်းနှီးမှုရရှိစေရန် မဲခေါင်-လန်ချန်းဒေသ ရိုးရာအကပွဲတော် ကျင်းပ

စာမျက်နှာ » ၉

ပြည်သူလူထု ကျန်းမာရေးမထိခိုက်စေရေး နေ့စဉ် စားသုံးသည့် အစားအစာများ ဘေးအန္တရာယ်ကင်းရှင်းစေရေး ထိထိရောက်ရောက် စစ်ဆေးနိုင်ရန်နှင့် စည်းကမ်းဖောက်ဖျက်ပါက လိုအပ်သလို အရေးယူဆောင်ရွက်ရန်လိုအပ်

စာမျက်နှာ » ၁၀

နိုင်ငံတော်၏မူဝါဒများ အောင်မြင်ရေးကြိုးပမ်း

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် တရားဥပဒေစိုးမိုးမှုနှင့် ဥပဒေစည်းကမ်းများနှင့်အညီ စီးပွားလုပ်ကိုင်ဆောင်ရွက်မှုသည် အရေးကြီးသည်။ ဥပဒေစည်းကမ်းများကို လိုက်နာမှုမရှိဘဲ တရားမဝင်နည်းလမ်းများဖြင့် စီးပွားလုပ်ကိုင်ဆောင်ရွက်ပါက နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးစေမည်ဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတိုင်းတွင် ပြည်သူများသည် ဥပဒေစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ကြသည်ကိုတွေ့ရသည်။

"နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးကို တည်ဆောက်ဖော်ဆောင်ရာတွင် Rule of Law 'တရားဥပဒေစိုးမိုးရေး' သည် မရှိမဖြစ်လိုအပ်ချက်ဖြစ်ကြောင်း၊ တရားဥပဒေစိုးမိုးပြီး လုံခြုံမှုရှိမှသာ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း" တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၂၃)တွင် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် တရားမဝင်ကုန်သွယ်မှုကို နှစ်စဉ်တိုက်ဖျက်ဆောင်ရွက်နေသော်လည်း တရားမဝင်နည်းလမ်းအမျိုးမျိုးဖြင့် စီးပွားရေးလုပ်ဆောင်မှုနှင့်မသမာမှုများရှိနေသည်ဟုသိရသည်။ ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ တစ်နှစ်တာကာလအတွင်း တရားမဝင်ကုန်သွယ်မှုမှ ဖမ်းဆီးရမိမှု အမှုတွဲစုစုပေါင်း ၄၂၃၂ မှုရှိပြီး ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅ ဒသမ ၀၅၆ ဘီလီယံရှိသည်ကို တွေ့ရသည်။ ယခင်နှစ် ၂၀၂၁ ခုနှစ် ကာလတူတစ်နှစ်အတွင်း ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ၂၂၄၀၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၈ ဒသမ ၄၅၉ ဘီလီယံရှိသဖြင့် အမှုတွဲ နှစ်ဆနီးပါးနှင့် ခန့်မှန်းတန်ဖိုးငွေ ရှစ်ဆခန့် ပိုမိုဖမ်းဆီးရမိခဲ့သည်ကို တွေ့ရသည်။

တရားမဝင်ကုန်သွယ်မှုသည် ယခင်နှစ်ကထက် ပိုမိုများပြားလာသလို ပိုမိုဖမ်းဆီးနိုင်ခဲ့သည်ကိုလည်း တွေ့ရသည်။ ကုန်သွယ်ရေးဦးစီးဌာန၏ ထုတ်ပြန်ခဲ့သည့် ပို့ကုန်သွင်းကုန်သတင်းလွှာ(၁၀/၂၀၂၂)အရ မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်မှုများဆောင်ရွက်ရာတွင် တင်သွင်းရမည့်ကုန်စည်များကို ပို့ကုန်မှရရှိသည့်ဝင်ငွေ(သို့မဟုတ်) အခြားဝင်ငွေ ဝင်ရောက်မှုများအပေါ်အခြေခံပြီး တင်သွင်းခွင့်ပြုသည့် အစီအစဉ်ကြောင့် မြဝတီနယ်စပ်ကုန်သွယ်ရေးစခန်းတွင် ဒီဇင်ဘာလအတွင်း သွင်းကုန်လိုင်စင်လျှောက်ထားမှု သိသိသာသာကျဆင်းသွားသော်လည်း မြဝတီမြို့သို့ တစ်ဖက်နိုင်ငံ ချစ်ကြည်ရေးတံတားမှ ဝင်ရောက်နေသည့် ကုန်တင်ယာဉ်အရေအတွက်မှာ သိသိသာသာကျဆင်းသွားခြင်းမရှိသဖြင့် တရားမဝင်နည်းလမ်းများဖြင့် ကုန်သွယ်နေကြောင်း ထင်ရှားပေသည်။

ထို့ကြောင့် စီးပွားရေးဦးတည်ချက်များကို နိုင်ငံတော်၏မူဝါဒများနှင့်အညီ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးတွင် အဟန့်အတားဖြစ်စေသည့် တရားမဝင်ကုန်သွယ်မှုများ ပိုမိုလျော့နည်းကျဆင်းသွားအောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ နိုင်ငံတော်၏ စီးပွားရေးမူဝါဒများကို အောင်မြင်စွာ ဖော်ဆောင်နိုင်ရန်အတွက် အရေးကြီးသည့် တရားမဝင်ကုန်သွယ်မှုကိုတိုက်ဖျက်ရာတွင် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီဥက္ကဋ္ဌ လမ်းညွှန်မှာကြားချက်များအတိုင်း ထိရောက်စွာဆောင်ရွက်ကြရမည်ဖြစ်သည်။ အခကြေးငွေရယူပြီး လက်ခံဆောင်ရွက်ပေးနေသည့် တရားမဝင်ဂိတ်များကို လျှော့ချဖျက်သိမ်းရန်၊ လိုအပ်ပါက တရားဝင် ဝင်/ထွက် ဂိတ်ပေါက်များကို ပိုမိုတိုးချဲ့ဖွင့်လှစ်ဆောင်ရွက်ရန်၊ တရားဝင်နယ်စပ်ကုန်သွယ်မှုများကို လွယ်ကူချောမွေ့အောင် ဆောင်ရွက်ပေးရန်၊ အခြားတစ်ဖက်တွင် တရားမဝင် ဝင်/ထွက်ပေါက်များ အသုံးပြုရှောင်ကွင်းမှုများကို ထိရောက်စွာတားဆီးစစ်ဆေးပြီး ပြတ်ပြတ်သားသားအရေးယူရန် ဆောင်ရွက်နိုင်ရေးတို့ကို ပြုလုပ်ကြရမည်ဖြစ်သည်။

တရားမဝင်ကုန်သွယ်မှုများကို တားဆီးစစ်ဆေးရာတွင် တရားမဝင်လူသုံးကုန်ပစ္စည်းများအပါအဝင် လက်နက်ခဲယမ်းများ၊ မူးယစ်ဆေးဝါးများကိုပါ ဖမ်းဆီးရမိလျက်ရှိသဖြင့် လုံခြုံရေးသတိဖြင့် ထိရောက်စွာတားဆီးကာကွယ်တိုက်ဖျက်ရမည်ဖြစ်သည်။ အထူးသဖြင့် နိုင်ငံအတွင်းသို့တင်သွင်းလာသော မူးယစ်ဆေးဝါးများသည် ယခင်ကကဲ့သို့ WY ဆေးပြားများအသွင်မဟုတ်တော့ဘဲ မူးယစ်ဆေးဝါးများကို အစားအသောက်ပုံစံဖြင့် ပြောင်းလဲထုတ်လုပ်လာသဖြင့် တရားဝင်စားသောက်ကုန်များကိုပါ သတိပြုစစ်ဆေးရမည့်အခြေအနေဖြစ်သည်။ မသမာသူများသည် လူငယ်လူရွယ်များသာမက ကလေးသူငယ်များကိုပါ အန္တရာယ်ဖြစ်စေနိုင်သည့် ရောင်းဝယ်ဖောက်ကားမှုများနှင့်ပတ်သက်၍ သက်ဆိုင်ရာတာဝန်ရှိသူများသာမက မိဘပြည်သူများကပါ သတိမူဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်၏ ဦးတည်ချက်များနှင့်မူဝါဒများ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးကို အဟန့်အတားဖြစ်စေသည့် တရားမဝင်ကုန်သွယ်မှုများ လျော့နည်းကျဆင်းလာစေရေးအတွက် အမျိုးသားရေးတာဝန်အဖြစ်ခံယူပြီး ရိုးသားကြိုးစားဝိုင်းဝန်းလက်တွဲဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

နန်းယွန်း - ပန်ဆောင်လမ်း ကျောက်လမ်း ပြင်/ထိန်းလုပ်ငန်းဆောင်ရွက်

နန်းယွန်း ဇန်နဝါရီ ၁၉

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ် ၂၅၆ ဒသမ ၂၇၉ သန်းဖြင့် ဆောင်ရွက်ခဲ့သော စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့နယ်အတွင်း နန်းယွန်း-ပန်ဆောင်လမ်း ၃၅ မိုင်အနက် ၁၇ မိုင်တွင် ကျောက်လမ်း ပြင်/ထိန်း ၃/၀ မိုင် အပြီးသတ်ခင်းခြင်းလုပ်ငန်းကို ၂၀၂၂ ခုနှစ် ဇူလိုင်လက စတင်ဆောင်ရွက်ခဲ့သည်။

နန်းယွန်း-ပန်ဆောင်လမ်းသည် နယ်စပ်ကုန်သွယ်ရေးတွင် အဓိကအရေးပါသည့်လမ်းဖြစ်သဖြင့် အဆိုပါလမ်းပေါ်တွင် ကျောက်လမ်း ၉/၀ မိုင်၊ ကျောက်လမ်း ပြင်/ထိန်း ၈/၀ မိုင်နှင့် Box Culvert ၁၁ စင်းတို့အား တည်ဆောက်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ငွေကြယ်

ကန်ကြီးထောင့်မြို့နယ် ဝက်ထိုးအထက(ခွဲ)၌ လူငယ်စကားဝိုင်းကျင်းပ

ကန်ကြီးထောင့် ဇန်နဝါရီ ၁၉

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်း အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီခွဲက ဝက်ထိုးအထက (ခွဲ)၌ ပြုလုပ်သည်။

အခမ်းအနားတွင် ကန်ကြီးထောင့်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်အောင်က အဖွင့်အမှာစကား ပြောကြားပြီး အဖွဲ့ဝင် (၁) ဗိုလ်မှူး နိုင်လင်းအောင်က လူငယ်စကားဝိုင်းများ ဆောင်ရွက်ခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများအား ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကန်ကြီးထောင့်မြို့နယ်ပညာရေးမှူး ဒေါ်တင်မေသန်းက ပညာရေးဆိုင်ရာ ကဏ္ဍများအား အကျယ်တဝင့် ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဇင်မာဦးက လူငယ်စကားဝိုင်း ဆောင်ရွက်ရခြင်း ရည်ရွယ်ချက်များအား ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် လူငယ်စကားဝိုင်းအား ရပ်မိရပ်ဖဒေါ်ခင်ထွေး၊ အထက်တန်းပြဆရာမ ဒေါ်ဇေရယ်နှင်း၊ အထက(ခွဲ) ဝက်ထိုး Grade (10) မှ မောင်နေထက်နိုင်နှင့် Grade (11) မှ မောင်ဉာဏ်ဝင်းထက်၊ မပန်းအိဖြူနှင့် မယွန်းနန္ဒာအောင်တို့က လူငယ်နှင့်ပညာ ယဉ်ကျေးမှု၊ မျိုးချစ်စိတ်ဓာတ်၊ ကျန်းမာရေး၊ အားကစားခေါင်းစဉ်တို့ဖြင့် ဆွေးနွေးကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၉- ၁ -၂၀၂၃)

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၈,၆၀၀	၈,၆၀၀	၅၉၆	၅,၁၂၅,၆၀၀
MTSH	၃,၃၀၀	၃,၃၀၀	၃,၃၈၆	၁၁,၁၇၃,၈၀၀
MCB	၇,၅၀၀	၇,၅၀၀	၀	၀

FPB	၁,၉၀၀	၁,၈၀၀	၁၀,၄၅၁	၁၈,၈၈၄,၉၀၀
TMH	၂,၆၀၀	၂,၆၀၀	၅	၁၃,၀၀၀
EFR	၂,၆၀၀	၂,၇၀၀	၄၄	၁၁၈,၀၀၀
AMATA	၄,၉၀၀	၄,၉၀၀	၂၀၅	၁,၀၀၄,၅၀၀

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဇန်နဝါရီ ၁၉

နိုင်ငံခြားငွေလဲလှယ်နှုန်း			မြန်မာငွေကျပ်
(က) အမေရိကန်	တစ်ဒေါ်လာ	=	၂၁၀၀.၀
(ခ) ဥရောပ	တစ်ယူရို	=	၂၂၇၃.၀
(ဂ) တရုတ်	တစ်ယွမ်	=	၃၀၉.၅၃
(ဃ) ထိုင်း	တစ်ဘတ်	=	၆၃.၅၆၉
(င) မလေးရှား	တစ်ရင်းဂစ်	=	၄၈၇.၄၇
(စ) အိန္ဒိယ	တစ်ရူပီး	=	၂၅.၈၀၈
(ဆ) သြစတြေးလျ	တစ်ဒေါ်လာ	=	၁၄၄၅.၆
(ဇ) စင်ကာပူ	တစ်ဒေါ်လာ	=	၁၅၈၄.၅
(ဈ) ဂျပန်	တစ်ရာယန်း	=	၁၆၃၅.၂
(ည) တောင်ကိုရီးယား	တစ်ရာဝမ်	=	၁၆၉.၇၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ်	ဦးစိုးစိုးနိုင်	အကြီးတန်း သတင်းထောက်များ	ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
စာတည်းမှူး	ဦးဝင်းနိုင်		
စာတည်းများ	ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး	အငယ်တန်း သတင်းထောက်များ	ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
		သုတေသန	ဒေါ်ဇင်မာဝင့်
ဘာသာပြန်	ဦးနိုင်လင်းကြည်၊	စာပြင်	ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာတည်းများ	ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ	စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	ဦးကျော်သူရုန့်အဖွဲ့
		အီးမေးလ်နှင့် အွန်လိုင်း	ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များအား နယ်မြေခံတပ်မှူးက ရှင်းလင်းတင်ပြစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရခိုင်ပြည်နယ် သံတွဲမြို့အနီးရှိ နယ်မြေခံရေတပ် ပင်မရေငုပ်နှင့် ဆယ်ယူရေးတပ်အတွင်း ကြည့်ရှုစစ်ဆေးစဉ်။

☆ ရှေ့ဖုံးမှ

ဦးစွာနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ရေတပ်လေ့ကျင့်ခန်း သရုပ်ပြသမှုနှင့် သရုပ်ပြလေ့ကျင့်နေမှုများဆောင်ရွက်မည့် နယ်မြေခံရေတပ်ပင်မရေငုပ်နှင့် ဆယ်ယူရေးတပ် Floating Jetty သို့ ရောက်ရှိရာ တပ်မှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

သရုပ်ပြလေ့ကျင့်နေမှု ကြည့်ရှု

ထို့နောက် ရေတပ်ပင်မရေငုပ်နှင့် ဆယ်ယူရေးတပ် လေ့ကျင့်ရေးကမ်းခြေတွင် ရေတပ်အထူးစစ်ဆင်ရေး တပ်ဖွဲ့ဝင် ရှစ်ဦးက ရန်သူ့ရေယာဉ်အား တိတ်တဆိတ် ဝင်ရောက်ဖောက်ခွဲ၍ ပြန်လည်ထွက်ခွာခြင်း(Cast & Recovery) လေ့ကျင့်ခန်း သရုပ်ပြသခြင်းနှင့် သရုပ်ပြလေ့ကျင့်နေမှုကို ကြည့်ရှုသည်။ လေ့ကျင့်မှုအပြီးတွင် လေ့ကျင့်ခန်းတွင် ပါဝင်ခဲ့သည့် ရေတပ်အထူးစစ်ဆင်ရေး တပ်ဖွဲ့ဝင်များ၏ အလေးပြုခြင်းကို ခံယူကာ ယခုထက် စွမ်းရည်ပိုမိုမြင့်မားစေရေးအတွက် လေ့ကျင့်မှုများကို ပိုမိုအားထည့် လုပ်ဆောင်သွားရန် လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များအား နယ်မြေခံတပ်မှူးက တပ်သမိုင်းအကျဉ်းနှင့် တပ်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ရည်မှန်းချက်တာဝန်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ လေ့ကျင့်ရေးဆိုင်ရာ ဆောင်ရွက်နေမှု၊ ပြည်ပနိုင်ငံများသို့ သင်တန်းသားများစေလွှတ်မှု၊ သွားရောက်လေ့လာမှုနှင့် ပြည်ပနိုင်ငံများမှ လာရောက်လေ့လာမှု၊ ပြည်သူလူထု အကျိုးပြုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေမှုနှင့် သဘာဝဘေးအန္တရာယ် တားဆီးကာကွယ်ရေး လုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်ပေးလျက်ရှိမှု၊ တပ်တွင်းစည်းလုံးညီညွတ်ရေးနှင့် မိသားစုများ၏ သက်သာချောင်ချိရေး ဆောင်ရွက်ပေးနိုင်မှုနှင့် တပ်ပိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၄ သို့ »»»

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်(ရေ)မှ တပ်ဖွဲ့ဝင်များ၏ ၁၀ မီတာ Tower Jump လေ့ကျင့်မှုကို ကြည့်ရှုစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ တပ်မတော်(ရေ)မှ ရေတပ်အထူးစစ်ဆင်ရေးတပ်ဖွဲ့ဝင် နည်းပြ ရှစ်ဦး၏ လေ့ကျင့်ရေးစင်မြင့်(Training Tower)တွင် Climbing Wall၊ Fast Rope နှင့် Rappelling Rope ဖြင့် ဆင်းသက်ခြင်း၊ အခက်အခဲအတားအဆီး ယုံကြည်မှု ကွင်းဖြတ်ကျော်ခြင်းတို့အား သရုပ်ပြသလေ့ကျင့်နေမှုများကို ကြည့်ရှုစဉ်။

»» **စာမျက်နှာ ၃ မှ**

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ရေတပ်ပင်မရေငုပ်နှင့် ဆယ်ယူရေးတပ်ရှိ Training Pool အတွင်းသို့ ရောက်ရှိကြပြီး တပ်မတော်(ရေ)မှ တပ်ဖွဲ့ဝင်များ၏ ၁၀ မီတာ Tower Jump လေ့ကျင့်မှု၊ ၅ မီတာ အမြင့်မှ ခုန်ချ၍ မီတာ ၅၀ ခြေတုပ်၊ လက်တုပ် ကူးခတ်လေ့ကျင့်နေမှု၊ မီတာ ၅၀ အလွတ် ရေအောက်မှ ကူးခတ်လေ့ကျင့်နေမှု၊ လေဘူးဖြုတ်၊ တပ်ခြင်း လေ့ကျင့်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တပ်မတော်(ရေ)၏ လေ့ကျင့်ရေး၊ ဆယ်ယူရေးနှင့် လုံခြုံရေးတာဝန်များ၊ ရေပြင်သက်စောင့်လုပ်ငန်းတာဝန်များ၊ မိုင်းရှင်းလင်းရေးနှင့် ရေပြင်ကယ်ဆယ်ရေး လုပ်ငန်းများတွင် အသုံးပြုလျက်ရှိသည့် အသုံးအဆောင်ပစ္စည်းများနှင့် လက်နက်များကိုကြည့်ရှု၍ လေ့ကျင့်ရေး လုပ်ငန်းများနှင့် တာဝန်ထမ်းဆောင်ရွက်ခဲ့မှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုကြသည်။

ထို့နောက်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ရေအောက်အနှောင့်အယှက် လေ့ကျင့်ခန်း လေ့ကျင့်နေမှု၊ နှစ်ယောက်တွဲ လေဝေရှူခြင်း လေ့ကျင့်နေမှု၊ Closed Circuit အသုံးပြု၍ Underwater Compass ဖြင့် ရေအောက်ကူးခတ်ခြင်း လေ့ကျင့်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး 10 Men Hyperbaric Medical Treatment Chamber နှင့် Diving Tower တို့ကို လှည့်လည် ကြည့်ရှုကြပြီး တပ်မတော်(ရေ)မှ တပ်ဖွဲ့ဝင်များ၏ Escape Training သရုပ်ပြသလေ့ကျင့်နေမှုအား ကြည့်ရှုသည်။

ချီးမြှင့်ငွေများပေးအပ်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်(ရေ)မှ ရေတပ်အထူးစစ်ဆင်ရေး တပ်ဖွဲ့ဝင်နည်းပြ ရှစ်ဦး၏ လေ့ကျင့်ရေးစင်မြင့် (Training Tower)တွင် Climbing Wall၊ Fast Rope နှင့် Rappelling Rope ဖြင့် ဆင်းသက်ခြင်း၊ အခက်အခဲအတားအဆီး ယုံကြည်မှု ကွင်းဖြတ်ကျော်ခြင်းတို့အား သရုပ်ပြသလေ့ကျင့်နေမှုများကို ကြည့်ရှုပြီး ချီးမြှင့်ငွေများပေးအပ်ကာ လေ့ကျင့်ရေးဆိုင်ရာများကို ကောင်းမွန်စွာသင်ကြားပြသနိုင်ရေးနှင့် ပတ်သက်၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်(ရေ)မှ ရေတပ်အထူးစစ်ဆင်ရေး တပ်ဖွဲ့ဝင်နည်းပြ ရှစ်ဦးကို ချီးမြှင့်ငွေများပေးအပ်စဉ်။

လေဘူးဖြုတ်/တပ် ဝတ်ဆင်ခြင်း (Ditching & Dowing)လေ့ကျင့်နေမှုကို တွေ့ရစဉ်။

မီတာ ၅၀ အလွတ် ရေအောက်မှကူးခတ်လေ့ကျင့်နေမှုကို တွေ့ရစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် 8th HLC အစည်းအဝေးသို့ တက်ရောက်ရန် ရောက်ရှိနေသည့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ညစာစားပွဲဖြင့် ကြိုဆိုတည်ခင်းပေး

နေပြည်တော် ဇန်နဝါရီ ၁၉

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ တို့သည် မြန်မာနိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် မြန်မာ-ထိုင်းတပ်မတော်နှစ်ရပ်အကြား အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး 8th High Level Committee Meeting သို့ တက်ရောက်ရန် ရောက်ရှိနေသည့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Chalermphon Srisawasdi နှင့် ဇနီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များအား ယနေ့ည ပိုင်းတွင် ရခိုင်ပြည်နယ် သံတွဲမြို့ ငပလီကမ်းခြေ Pristine Mermaid Resort ၌ ညစာစားပွဲဖြင့် ကြိုဆိုဧည့်ခံသည်။

အဆိုပါ ညစာစားပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ တို့သည် မြန်မာနိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် မြန်မာ-ထိုင်းတပ်မတော်နှစ်ရပ်အကြား အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး 8th High Level Committee Meeting သို့ တက်ရောက်ရန် ရောက်ရှိနေသည့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Chalermphon Srisawasdi နှင့် ဇနီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များအား ယနေ့ည ပိုင်းတွင် ရခိုင်ပြည်နယ် သံတွဲမြို့ ငပလီကမ်းခြေ Pristine Mermaid Resort ၌ ညစာစားပွဲဖြင့် ကြိုဆိုဧည့်ခံသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Chalermphon Srisawasdi နှင့် ဇနီးတို့အား ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်စဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Chalermphon Srisawasdi တို့ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ တေးသံရှင်များ၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ အနုပညာရှင်များက တေးသံသာများဖြင့် သီဆိုတီးမှုတ်ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။

ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့နှင့်အတူ ညီနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ထိုင်းဘုရင့်တပ်မတော်မှ အရာရှိကြီးများနှင့် ဇနီးများ၊ နှစ်နိုင်ငံစစ်သံမှူးများနှင့် ဇနီးများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးနှင့် အဖွဲ့ဝင်များအား ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်သည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့သည် နှုတ်ခွန်းဆက်စကားများ အပြန်အလှန်ပြောကြားကြပြီး တက်ရောက်လာကြသူများနှင့်အတူ ညစာကို အတူတကွ သုံးဆောင်ကြသည်။

ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ တေးသံရှင်များ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အနုပညာရှင်များက တေးသံသာများဖြင့် သီဆိုတီးမှုတ်ကပြဖျော်ဖြေကြသည်။

ညစာစားပွဲအပြီးတွင် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့သည် သီဆိုကပြဖျော်ဖြေခဲ့ကြသည့် အနုပညာရှင်များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Chalermphon Srisawasdi သီဆိုကပြ ဖျော်ဖြေခဲ့ကြသည့် အနုပညာ ရှင်များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။

ဥပဒေပြုရေးဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများအပေါ် လေ့လာခြင်း (ဘီလာရုစ်နိုင်ငံ)

ဝါဝါ

နိဒါန်း

ဘီလာရုစ်နိုင်ငံသည် အရှေ့ဥရောပတွင်ရှိသော ကုန်းတွင်းပိတ်နိုင်ငံတစ်နိုင်ငံဖြစ်သည်။ အရှေ့ဘက်နှင့်အရှေ့မြောက်ဘက်တွင် ရုရှားနိုင်ငံ၊ တောင်ဘက်တွင် ယူကရိန်းနိုင်ငံ၊ အနောက်ဘက်တွင် ပိုလန်နိုင်ငံ၊ အနောက်မြောက်ဘက်တွင် လစ်သူယေးနီးယားနိုင်ငံ၊ လတ်ဗီးယားနိုင်ငံတို့နှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိပြီး နယ်နိမိတ်အရှည်မှာ စုစုပေါင်း ၃၀၉၈ ကီလိုမီတာ (၁၉၂၅ မိုင်) ဖြစ်သည်။ နိုင်ငံ၏ အကျယ်အဝန်းမှာ ဧရိယာ ၂၀၇၆၀၀ စတုရန်းကီလိုမီတာ (၈၀၂၀၀ စတုရန်းမိုင်) ဖြစ်သည်။ လူဦးရေ ၉ ဒသမ ၄၁ သန်းရှိသည်။ ဘီလာရုစ်နိုင်ငံ၏ ရုံးသုံးဘာသာစကားများမှာ ဘီလာရုစ်ဘာသာစကားနှင့် ရုရှားဘာသာစကားတို့ဖြစ်သည်။ ဘီလာရုစ်နိုင်ငံတွင် စုစုပေါင်းလူဦးရေ၏ ၈၄ ဒသမ ၉ ရာခိုင်နှုန်းသည် ဘီလာရုစ်လူမျိုးများဖြစ်ကြပြီး ကျန်လူမျိုးများမှာ ရုရှား၊ ပိုလန်နှင့် ယူကရိန်းလူမျိုးများ ဖြစ်ကြသည်။ နိုင်ငံကို ဒေသခုနစ်ခု ပိုင်းခြား၍အုပ်ချုပ်သည်။ ဘီလာရုစ်နိုင်ငံ၏ မြို့တော်မှာ မင့် (Minsk) မြို့ဖြစ်သည်။

နိုင်ငံသမိုင်းအကျဉ်း

ဘီလာရုစ်နိုင်ငံသည် ၂၀ ရာစုနှစ်အထိ Principality of Polotsk၊ Grand Duchy of Lithuania၊ ရုရှားအင်ပါယာနှင့် Polish–Lithuanian Commonwealth စသည့် အခြားသောတိုင်းပြည်များ၏ နယ်မြေဖြစ်ခဲ့သည်။ ရုရှားတော်လှန်ရေးပြီးနောက်ပိုင်းတွင် ဆိုဗီယက်ပြည်ထောင်စုဝင် သမ္မတနိုင်ငံတစ်ခု ဖြစ်လာသည်။ ဆိုဗီယက်ပြည်ထောင်စု ပြိုကွဲပြီးနောက် ၁၉၉၁ ခုနှစ် ဩဂုတ်လ ၂၅ ရက်နေ့တွင် လွတ်လပ်ရေးကို ကြေညာခဲ့သည်။

ဥပဒေပြုရေး

ဥပဒေပြုအာဏာကို အမျိုးသားလွှတ်တော် (National Assembly)က ကျင့်သုံးသည်။ အမျိုးသားလွှတ်တော်တွင် လွှတ်တော်နှစ်ရပ် ပါဝင်သည်။ ၎င်းတို့မှာ အောက်လွှတ်တော် (The House of Representatives)နှင့် အထက်လွှတ်တော် (The Council of the Republic) ဖြစ်သည်။ လွှတ်တော်သက်တမ်းမှာ လေးနှစ်ဖြစ်သည်။ အောက်လွှတ်တော်သည် ဥပဒေကြမ်းများကို သုံးသပ်ခြင်း၊ သမ္မတရွေးကောက်ပွဲများ ခေါ်ယူခြင်း၊ နိုင်ငံတော်သမ္မတ၏ ထောက်ခံချက်ဖြင့် ဝန်ကြီးချုပ်ခန့်အပ်ခြင်းအား အတည်ပြုခြင်း၊ အစိုးရ၏လုပ်ဆောင်ချက်များအား အကဲဖြတ်ခြင်းတို့ကို ဆောင်ရွက်သည်။ အမျိုးသားလွှတ်တော်သည် နှစ်စဉ်ပုံမှန်အစည်းအဝေး နှစ်ကြိမ် ကျင်းပသည်။ ပုံမှန်မဟုတ်သည့် အစည်းအဝေးများကို သမ္မတအမိန့်ဖြင့် ခေါ်ဆိုနိုင်သည်။

အထက်လွှတ်တော်သည်အောက်လွှတ်တော်က တင်သွင်းသည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားသော ဥပဒေကြမ်းများကိုပြင်ဆင်ခြင်း သို့မဟုတ် မွမ်းမံခြင်း၊ ပြင်ဆင်မွမ်းမံပြီးသော ဥပဒေကြမ်းများကို အတည်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းတို့ကို ဆောင်ရွက်သည်။

ဘီလာရုစ်နိုင်ငံ၏ အုပ်ချုပ်ရေးဒေသများမြေပုံ။

အုပ်ချုပ်ရေး

အုပ်ချုပ်ရေးအာဏာကို ဗဟိုအစိုးရဝန်ကြီးများကောင်စီက ကိုင်တွယ်ကျင့်သုံးသည်။ အောက်လွှတ်တော်၏ သဘောတူညီချက်ဖြင့် ဘီလာရုစ်သမ္မတက ခန့်အပ်ထားသော ဝန်ကြီးချုပ်များက ဦးဆောင်သည်။

တရားစီရင်ရေး

တရားစီရင်ရေးကဏ္ဍတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးနှင့် အထွေထွေတရားစီရင်ရေးဆိုင်ရာ တရားရုံးများဟူ၍ နှစ်မျိုးပါဝင်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးကို အဆင့်မြင့် ဥပဒေရေးရာကျွမ်းကျင်သူ ၁၂ ဦးဖြင့် ဖွဲ့စည်းထားသည်။ တရားသူကြီး ခြောက်ဦးကို ဘီလာရုစ်သမ္မတက ခန့်အပ်ထားပြီး ကျန်ခြောက်ဦးကို အထက်လွှတ်တော်က ရွေးကောက်တင်မြှောက်ထားသည်။ တရားရုံးဥက္ကဋ္ဌအား အထက်လွှတ်တော်၏ သဘောတူညီချက်ဖြင့် ဘီလာရုစ်သမ္မတက တိုက်ရိုက်ခန့်အပ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံး တရားသူကြီးတစ်ဦး၏ ရာထူးသက်တမ်းမှာ ၁၁ နှစ်ဖြစ်သည်။ အထွေထွေတရားစီရင်ရေးဆိုင်ရာတရားရုံးချုပ်သည် အထွေထွေတရားစီရင်ပိုင်ခွင့်ရှိသော တရားရုံးများ၏စနစ်ကို ဦးဆောင်ပြီး အရပ်ဘက်၊ ရာဇဝတ်မှု၊ အုပ်ချုပ်ရေးနှင့် စီးပွားရေးဆိုင်ရာ အမှုအခင်းများအတွက် အမြင့်ဆုံးတရားစီရင်ရေးအဖွဲ့အစည်းဖြစ်သည်။ ဘီလာရုစ်တွင် အထူးတရားရုံးများ ဖွဲ့စည်းခြင်းကို တားမြစ်ထားသည်။

ဗဟိုရွေးကောက်ပွဲကော်မရှင်

ဘီလာရုစ်သမ္မတနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင် (Central Election Commission–CEC) ကို Supreme Soviet of the Byelorussian SSR က ၁၉၉၉ ခုနှစ် ဒီဇင်ဘာလ ၄ ရက်နေ့တွင် ဖွဲ့စည်းခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကော်မရှင်ကို နိုင်ငံတော်သမ္မတနှင့် အထက်လွှတ်တော်တို့က ဖွဲ့စည်းသည်။ ဗဟိုရွေးကောက်ပွဲကော်မရှင်ကို ဥက္ကဋ္ဌနှင့်အတွင်းရေးမှူးအပါအဝင် စုစုပေါင်းအဖွဲ့ဝင် ၁၂ ဦး ဖွဲ့စည်းထားပြီး အဖွဲ့ဝင်ခြောက်ဦးကို နိုင်ငံတော်သမ္မတက ခန့်အပ်၍ ကျန်အဖွဲ့ဝင်ခြောက်ဦးကို အထက်လွှတ်တော်က ရွေးချယ်တင်မြှောက်သည်။ အထက်လွှတ်တော်၏ သဘောတူညီချက်ဖြင့် ဗဟိုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌကို ကော်မရှင်အဖွဲ့ဝင်များထဲမှ နိုင်ငံတော်အကြီးအကဲက ခန့်အပ်သည်။ ပထမအကြိမ် အစည်းအဝေးတွင် ဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ကို ကော်မရှင်အဖွဲ့ဝင်များထဲမှ ရွေးချယ်တင်မြှောက်သည်။ သာမန်အားဖြင့် ဗဟိုရွေးကောက်ပွဲကော်မရှင်ကို ရွေးကောက်ပွဲကျင်းပရေးနှင့် ဆန္ဒခံယူပွဲကျင်းပရေးတို့တွင် အတွေ့အကြုံများရှိသည့် တရားစီရင်ရေးဆိုင်ရာ ပညာအရည်အချင်းမြင့်မားသော နိုင်ငံသားများဖြင့် ဖွဲ့စည်းထားပါသည်။ ဗဟိုရွေးကောက်ပွဲကော်မရှင်၏သက်တမ်းမှာ ငါးနှစ်ဖြစ်သည်။ ဗဟိုရွေးကောက်ပွဲကော်မရှင်၏ လုပ်ဆောင်ချက်များကို ရွေးကောက်ပွဲဆိုင်ရာ ကျင့်ထုံးဥပဒေနှင့် ကော်မရှင်၏လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းများဖြင့် ထိန်းချုပ်ထားသည်။

ဗဟိုရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွေးကောက်ပွဲကော်မရှင် (Territorial Election Commission–TEC)၊ ခရိုင်ရွေးကောက်ပွဲ ကော်မရှင် (District Election Commission–DEC)၊ ရပ်ကွက်/ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင် (Precinct Election Commission – PEC) တို့ကို ဖွဲ့စည်းဆောင်ရွက်သည်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွေးကောက်ပွဲကော်မရှင်နှင့် ခရိုင်ရွေးကောက်ပွဲကော်မရှင်များကို ရွေးကောက်ပွဲမတိုင်မီ ၇၅ ရက်မှ ၈၅ ရက်အတွင်း ဒေသဆိုင်ရာအလုပ်အမှုဆောင်များနှင့် ကိုယ်စားလှယ်အဖွဲ့များဖြင့် ဖွဲ့စည်းသည်။ **ရပ်ကွက်/ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်များကို** ရွေးကောက်ပွဲမတိုင်မီ ၄၅ ရက်အတွင်းဖွဲ့စည်းသည်။ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များကို နိုင်ငံရေးပါတီများနှင့် အခြားအများပြည်သူအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များအပြင် နိုင်ငံသားများကပါ အမည်စာရင်းတင်သွင်းနိုင်သည်။ **ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွေးကောက်ပွဲကော်မရှင်နှင့် ခရိုင်ရွေးကောက်ပွဲကော်မရှင်များကို** ကိုးဦးမှ ၁၃ ဦးအထိ ဖွဲ့စည်းနိုင်ပြီး ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်များကို ငါးဦးမှ ၁၉ ဦးအထိ ဖွဲ့စည်းနိုင်ပါသည်။ ဥပဒေအရ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် အနည်းဆုံးသုံးပုံတစ်ပုံသည် နိုင်ငံရေးပါတီများနှင့် ပြည်သူ့အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရသည်။ အစိုးရဝန်ထမ်းဦးရေသည် ကော်မရှင်အဖွဲ့ဝင်များ၏ သုံးပုံတစ်ပုံထက်မပိုစေရပါ။ ကော်မရှင်တွင် တရားသူကြီးများ၊ အစိုးရရှေ့နေများ၊ ဒေသဆိုင်ရာအမှုဆောင်များနှင့် အုပ်ချုပ်ရေးအဖွဲ့များ၏ အကြီးအကဲများ မပါဝင်ပါ။

ရွေးကောက်ပွဲဆိုင်ရာကျင့်ထုံးဥပဒေ

ဘီလာရုစ်သမ္မတနိုင်ငံ၌ ရွေးကောက်ပွဲများ ပြင်ဆင်ခြင်းနှင့် ကျင်းပခြင်းတို့ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် နိုင်ငံ၏ရွေးကောက်ပွဲဆိုင်ရာ ကျင့်ထုံးဥပဒေတို့ဖြင့် ထိန်းကျောင်းသည်။ ဘီလာရုစ်သမ္မတနိုင်ငံ၏ ရွေးကောက်ပွဲဆိုင်ရာကျင့်ထုံးဥပဒေအား ၂၀၀၀ ပြည့်နှစ်တွင် အတည်ပြုခဲ့သည်။ ထိုအချိန်မှစ၍ အဆိုပါဥပဒေအား ၂၀၀၃ ခုနှစ်၊ ၂၀၀၆ ခုနှစ်၊ ၂၀၁၀ ပြည့်နှစ်၊ ၂၀၁၁ ခုနှစ်၊ ၂၀၁၃ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်တို့တွင် ပြန်လည်ပြင်ဆင်ခဲ့ပါသည်။

ရွေးကောက်ပွဲနှင့် ရွေးကောက်ပွဲစနစ်များ

ဘီလာရုစ်နိုင်ငံတွင် သမ္မတရွေးကောက်ပွဲ၊ လွှတ်တော်ရွေးကောက်ပွဲ၊ ဒေသန္တရရွေးကောက်ပွဲနှင့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတို့ကို ကျင်းပသည်။ ဘီလာရုစ်နိုင်ငံသည် သမ္မတကို ငါးနှစ်သက်တမ်းအတွက် နှစ်ကျော့ပြန်စနစ် (Two Round System) ဖြင့်ပြည်သူများက တိုက်ရိုက်ရွေးကောက်တင်မြှောက်သည်။ ပထမအကျော့တွင် မည်သည့်ကိုယ်စားလှယ်လောင်းမှ စုစုပေါင်းဆန္ဒမဲအရေအတွက် ၅၀ ရာခိုင်နှုန်းအထက် မရရှိပါက ဆန္ဒမဲအရေအတွက် အများဆုံးရရှိသောကိုယ်စားလှယ်လောင်းနှစ်ဦးက ဒုတိယအကျော့ကို နှစ်ပတ်အတွင်း ပြန်လည်ယှဉ်ပြိုင်ရမည် ဖြစ်သည်။ ဒုတိယအကျော့တွင် ဆန္ဒမဲ ၅၀ ရာခိုင်နှုန်းကျော်ရရှိသော ကိုယ်စားလှယ်လောင်းသည် ရွေးကောက်တင်မြှောက်ခံရမည်ဖြစ်သည်။ ထို့အပြင် ရွေးကောက်ပွဲအထမြောက်ရန်အတွက် မဲပေးသူ ၅၀ ရာခိုင်နှုန်းကျော်လိုအပ်သည်။ သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံမည့် ကိုယ်စားလှယ်လောင်းသည် ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် အနည်းဆုံး အသက် (၃၅) နှစ်အထက်ရှိသူ၊ ဘီလာရုစ်သမ္မတနိုင်ငံမှ မွေးဖွားလာသူဖြစ်ပြီး ရွေးကောက်ပွဲမတိုင်မီ အနည်းဆုံး နှစ် ၂၀ ဘီလာရုစ်တွင် အခြေချနေထိုင်သူဖြစ်ရမည်။ စာမျက်နှာ ၇ သို့ ❐

- **ဥပဒေပြုအာဏာကို အမျိုးသားလွှတ်တော် (National Assembly)က ကျင့်သုံးသည်။ အမျိုးသားလွှတ်တော်တွင် လွှတ်တော်နှစ်ရပ်ပါဝင်သည်။ ၎င်းတို့မှာ အောက်လွှတ်တော် (The House of Representatives) နှင့် အထက်လွှတ်တော် (The Council of the Republic) ဖြစ်သည်။ လွှတ်တော်သက်တမ်းမှာ လေးနှစ်ဖြစ်သည်။**
- **ဘီလာရုစ်သမ္မတနိုင်ငံ၌ ရွေးကောက်ပွဲများပြင်ဆင်ခြင်းနှင့် ကျင်းပခြင်းတို့ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် နိုင်ငံ၏ ရွေးကောက်ပွဲဆိုင်ရာ ကျင့်ထုံးဥပဒေတို့ဖြင့် ထိန်းကျောင်းသည်။ ဘီလာရုစ်သမ္မတနိုင်ငံ၏ ရွေးကောက်ပွဲဆိုင်ရာ ကျင့်ထုံးဥပဒေအား ၂၀၀၀ ပြည့်နှစ်တွင် အတည်ပြုခဲ့**

မြန်မာ-ထိုင်း တပ်မတော်နှစ်ရပ်အကြား အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး (8th HLC) သို့ တက်ရောက်ရန်အတွက် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ ရောက်ရှိ

နေပြည်တော် ဇန်နဝါရီ ၁၉

မြန်မာနိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် မြန်မာ-ထိုင်း တပ်မတော်နှစ်ရပ်အကြား အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး (8th High Level Committee Meeting) သို့ တက်ရောက်ရန်အတွက် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Chalermphon Srisawasdi ဦးဆောင်သည့် ထိုင်းဘုရင့်တပ်မတော် အဆင့်မြင့်ကိုယ်စားလှယ် အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် အထူးလေယာဉ်ဖြင့် ရခိုင်ပြည်နယ် သံတွဲလေဆိပ်သို့ ရောက်ရှိကြ သည်။

အဆိုပါ ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သည့် ထိုင်းဘုရင့်တပ်မတော် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ညီနွှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာထိုင်းဘုရင့်တပ်မတော် စစ်သံမှူးနှင့် တာဝန်ရှိသူများက လေဆိပ်တွင် ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ ရောက်ရှိနေစဉ်အတွင်း 8th High Level Committee Meeting သို့ တက်ရောက်ခြင်း၊ တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်နိုင်ရေးအတွက် ဆွေးနွေးဆောင်ရွက်ခြင်း၊ တန်ခိုးကြီးဘုရားများအား ဖူးမြော်ခြင်းနှင့် အထင်ကရ နေရာများသို့ သွားရောက်လေ့လာခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

❐ စာမျက်နှာ ၆ မှ

သမ္မတအဖြစ် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းတစ်ဦးသည် သမ္မတရာထူးအတွက် ဝင်ရောက်ယှဉ်ပြိုင်ရန် မဲဆန္ဒရှင်များ၏ ထောက်ခံလက်မှတ်အနည်းဆုံး ၁၀၀၀၀၀ စုဆောင်းရမည်။ ဘီလာရုစ်သမ္မတနိုင်ငံသမ္မတရွေးကောက်ပွဲများကို ငါးလထက်နောက်မကျစေဘဲ အောက်လွှတ်တော်က ကြေညာပြီး လက်ရှိသမ္မတရာထူးမှ ရပ်စဲခြင်းမပြုမီ နှစ်လထက် နောက်မကျစေဘဲ တနင်္ဂနွေနေ့တွင် ကျင်းပရမည်ဖြစ်သည်။ သမ္မတရာထူး လစ်လပ်ပါက ရက်ပေါင်း ၃၀ ထက်မစောဘဲ လစ်လပ်သည့်နေ့မှစ၍ ရက်ပေါင်း ၇၀ ထက်နောက်မကျစေဘဲ ရွေးကောက်ပွဲများ ကျင်းပမည်ဖြစ်သည်။ သမ္မတရွေးကောက်ပွဲများကို ၂၀၁၁ ခုနှစ်၊ ၂၀၁၆ ခုနှစ်၊ ၂၀၁၀ ပြည့်နှစ်နှင့် ၂၀၁၅ ခုနှစ်တို့တွင် ကျင်းပခဲ့သည်။ **နောက်ဆုံးကျင်းပခဲ့သော သမ္မတရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် သြဂုတ် ၉ ရက်တွင် ကျင်းပခဲ့ပါသည်။** သမ္မတရွေးကောက်ခံပိုင်ခွင့်ကို သက်တမ်းဖြင့် ကန့်သတ်ထားခြင်းမရှိပါ။ **လက်ရှိသမ္မတ အလက်ဇန်းဒါး လူကာရှန်ကို (Aleksandr Lukashenko) သည် ခြောက်ကြိမ်မြောက်အထိ ဆက်တိုက်ရွေးကောက်တင်မြှောက်ခံခဲ့ရသည်။**

လွှတ်တော်ရွေးကောက်ပွဲ

လွှတ်တော်သစ်အတွက် ရွေးကောက်ပွဲများကို လက်ရှိဆောင်ရွက်နေသည့် လွှတ်တော်အာဏာမရပ်စဲမီ ရက်ပေါင်း ၃၀ ထက်နောက်မကျဘဲ ကျင်းပရသည်။ လေးလထက်နောက်မကျစေဘဲ သမ္မတက သတ်မှတ်ပေးသည်။ အောက်လွှတ်တော်တွင် ကိုယ်စားလှယ် ၁၁၀ ပါဝင်ပြီး ပြည်သူများက တိုက်ရိုက်ရွေးကောက်တင်မြှောက်သည်။ အောက်လွှတ်တော်အမတ်အဖြစ် ရွေးကောက်တင်မြှောက်ခံမည့် ကိုယ်စားလှယ်လောင်းသည် ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် အနည်းဆုံး အသက် (၂၁) နှစ်ပြည့်ပြီးသူ၊ ဘီလာရုစ်နိုင်ငံတွင် အခြေချနေထိုင်သူ၊ ပြစ်မှုကင်းရှင်းသူ၊ ဘီလာရုစ်နိုင်ငံသားတစ်ဦး ဖြစ်ရမည်။ အောက်လွှတ်တော်အမတ်များသည် တစ်ချိန်တည်းမှာပင် အစိုးရအဖွဲ့ဝင်လည်း ဖြစ်နိုင်သည်။

အထက်လွှတ်တော် (The Council of the Republic)ကို ကိုယ်စားလှယ် ၆၄ ဦးဖြင့် ဖွဲ့စည်းထားပြီး ကိုယ်စားလှယ် ရှစ်ဦးကို သမ္မတက တိုက်ရိုက်ခန့်အပ်၍ ကျန်အမတ် ၅၆ ဦးအား ဒေသခြောက်ခုစီနှင့် မင့်မြို့တို့မှ ဒေသန္တရကောင်စီများက လျှို့ဝှက်ဆန္ဒမဲပေးခြင်းစနစ်ဖြင့် ရွေးကောက်တင်မြှောက်သည်။ အထက်လွှတ်တော်အတွက် ရွေးကောက်တင်မြှောက်ခံရမည့် ကိုယ်စားလှယ်လောင်းတစ်ဦးသည် ထောက်ခံမဲ ၅၀ ရာခိုင်နှုန်းကျော် ရရှိရမည်ဖြစ်သည်။ ပထမအကျော့်တွင် လိုအပ်သောကိုယ်စားလှယ်လောင်းအရေအတွက်မရရှိပါက ဒုတိယအကျော့်ကို ပြန်လည်ကျင်းပမည်ဖြစ်သည်။ အထက်လွှတ်တော်အမတ်အဖြစ် ရွေးကောက်တင်မြှောက်ခံမည့် ကိုယ်စားလှယ်လောင်းသည် ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် အနည်းဆုံးအသက် (၃၀) နှစ်ပြည့်ပြီးသူ၊ ဘီလာရုစ်နိုင်ငံ၏သက်ဆိုင်ရာဒေသတွင် အနည်းဆုံး ငါးနှစ် အခြေချနေထိုင်သူ၊ ပြစ်မှုကင်းရှင်းသူ ဘီလာရုစ်နိုင်ငံသားတစ်ဦးဖြစ်ရမည်။ လွှတ်တော်ရွေးကောက်ပွဲများကို ၁၉၉၅ ခုနှစ်၊ ၂၀၀၀ ပြည့်နှစ်၊ ၂၀၀၄ ခုနှစ်၊ ၂၀၀၈ ခုနှစ်၊ ၂၀၁၂ ခုနှစ်၊ ၂၀၁၆ ခုနှစ်တို့တွင် ကျင်းပခဲ့သည်။

မဲဆန္ဒနယ်သတ်မှတ်ခြင်း

လွှတ်တော်ရွေးကောက်ပွဲများ ကျင်းပရန်အတွက် (Electoral Districts) ရွေးကောက်ပွဲဆိုင်ရာ မဲဆန္ဒနယ်ပေါင်း ၁၁၀ ကို ဖွဲ့စည်းသည်။ အောက်လွှတ်တော်ရွေးကောက်ပွဲအတွက် မဲဆန္ဒနယ် တစ်ခုလျှင် ပျမ်းမျှမဲဆန္ဒရှင်ဦးရေကို လက်ရှိအောက်လွှတ်တော်သက်တမ်းမကုန်ဆုံးမီ ငါးလထက် နောက်မကျစေဘဲ ဗဟိုကော်မရှင် (CEC) က ဖွဲ့စည်းသည်။ လွှတ်တော်ရွေးကောက်ပွဲအတွက် မဲဆန္ဒနယ်များကို ဒေသဆိုင်ရာ ဗဟိုအလုပ်အမှုဆောင်အဖွဲ့များ၏ အဆိုပြုချက်အရ ဗဟိုရွေးကောက်ပွဲကော်မရှင်က ဖွဲ့စည်းသည်။ လွှတ်တော်ရွေးကောက်ပွဲအတွက် မဲဆန္ဒနယ်မြေများစာရင်းကို ဗဟိုရွေးကောက်ပွဲကော်မရှင်က ရွေးကောက်ပွဲကျင်းပမည့်ရက်ကြေညာပြီး ပဉ္စမမြောက်နေ့ထက် နောက်မကျစေဘဲ ထုတ်ပြန်ရသည်။

ဆန္ဒမဲပေးပိုင်ခွင့်ရှိသူနှင့် ဆန္ဒမဲပေးပိုင်ခွင့်မရှိသူ

အသက် (၁၈) နှစ်ပြည့်ပြီးသော ဘီလာရုစ်နိုင်ငံသားမည်သူမဆို ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။ ဥပဒေအရ တရားရုံးမှ စိတ်ပျေါ်သွပ်နေသူအဖြစ် သတ်မှတ်ခြင်းခံရသူနှင့် ထောင်ဒဏ်ကျခံနေရသူတို့သည် ဆန္ဒမဲပေးပိုင်ခွင့်မရှိပါ။

မဲရုံများဖွဲ့စည်းခြင်း

မဲရုံတစ်ရုံကို မဲဆန္ဒရှင် ၂၀ မှ ၃၀၀၀ သတ်မှတ်ထားသည်။ မဲရုံများကို ဆေးရုံများ၊ စောင့်ရှောက်ရေးဂေဟာများ၊ ဆေးပေးခန်းများနှင့် အခြားသော ကျန်းမာရေးစောင့်ရှောက်ရေး စင်တာများတွင် ဖွင့်လှစ်ထားရှိပြီး တပ်တွင်းမဲရုံများလည်း ဖွင့်လှစ်ထားသည်။ ခရိုင်နှင့် မြို့(ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လက်အောက်ခံမြို့များ)များတွင် မဲရုံများဖွဲ့စည်းခြင်းကို ခရိုင်နှင့် မြို့နယ်အလုပ်အမှုဆောင်ကော်မတီများက ဆောင်ရွက်ပြီး ခရိုင်လက်အောက်ခံမြို့များတွင် မဲရုံများဖွဲ့စည်းခြင်းကို ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များက ဆောင်ရွက်ပါသည်။ စစ်ဘက်ဆိုင်ရာယူနစ်များတွင် မဲရုံများကို တပ်မတော်တပ်ဖွဲ့မှူးများ၏ အဆိုပြုချက်အတိုင်း တူညီသောအစီအစဉ်ဖြင့် ဖွဲ့စည်းသည်။ ဘီလာရုစ်သမ္မတနိုင်ငံပြင်ပ နိုင်ငံရပ်ခြားတွင်နေထိုင်သည့် ဘီလာရုစ်သမ္မတနိုင်ငံ နိုင်ငံသားများအတွက် မဲရုံများကို သက်ဆိုင်ရာနိုင်ငံများရှိ ဘီလာရုစ်သမ္မတနိုင်ငံ ကောင်စစ်ဝန်ရုံး အကြီးအကဲများဖြင့်ဖွဲ့စည်းထားသည်။ မဲပေးမည့်နေရာများကို ရွေးကောက်ပွဲမတိုင်မီ နှစ်လထက်နောက်မကျဘဲ ဖွဲ့စည်းရသည်။ မဲရုံတစ်ရုံးချင်းစီ၏ တည်နေရာများနှင့်ပတ်သက်၍ မဲဆန္ဒရှင်များအား ရွေးကောက်ပွဲမကျင်းပမီ ၁၀ ရက်ထက်နောက်မကျဘဲ အသိပေးအကြောင်းကြား သည်။

မဲစာရင်းပြုစုခြင်း

ရွေးကောက်ပွဲတွင် ပါဝင်ခွင့်ရှိသည့် နိုင်ငံသားများစာရင်းကို ဒေသဆိုင်ရာအာဏာပိုင်များက တင်ပြသော အရည်အချင်းပြည့်မီသည့် နေထိုင်သူများ၏ အချက်အလက်များအပေါ် အခြေခံ၍ ရပ်ကွက်/ ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင် (Precinct Election Commission–PEC) မှ မဲရုံအလိုက်ပြုစုသည်။ စစ်မှုထမ်းများ၊ တပ်မတော်သားများနှင့် ၎င်းတို့တည်ရှိရာဒေသများတွင် နေထိုင်သော အခြားမဲဆန္ဒရှင်များနှင့် ၎င်းတို့နှင့်အတူနေမိသားစုဝင်များစာရင်းကို စစ်ဘက်ဆိုင်ရာတပ်မှူးများက ပေးအပ်သောအချက်အလက်များအပေါ် အခြေခံ၍ ရပ်ကွက်/ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်က ပြုစုသည်။ နိုင်ငံပြင်ပတွင် ရောက်ရှိနေသော ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်းကို သက်ဆိုင်ရာနိုင်ငံများရှိ ကောင်စစ်ဝန်ရုံးများမှပေးပို့သည့် အချက်အလက်များအပေါ် အခြေခံ၍ပြုစုသည်။ မိမိတို့နေထိုင်သည့်ဒေသရှိမဲစာရင်းတွင် မှတ်ပုံတင်ထားသောနိုင်ငံသားများသည် အဆိုပါဒေသရှိ မဲရုံတွင်သာ အမည်စာရင်းပါဝင်သည်။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် နိုင်ငံသားတစ်ဦးသည် မဲရုံတစ်ခုတည်း၏စာရင်းတွင်သာ ပါဝင်နိုင်သည်။ သက်သေခံကတ်ပြား သို့မဟုတ် သက်ဆိုင်ရာဒေသတွင် နေထိုင်ကြောင်း အထောက်အထားများ တင်ပြနိုင်သည့် အရည်အချင်းပြည့်မီသော မဲဆန္ဒရှင်များအား ဗဟိုရွေးကောက်ပွဲကော်မရှင် (Central Election Commission–CEC)နှင့် တရားရုံးတို့က အတည်ပြုချက်မရှိဘဲ ရပ်ကွက်/ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်က ရပ်ကွက်/ ကျေးရွာအုပ်စု မဲဆန္ဒရှင်စာရင်းတွင် ထည့်သွင်းပေးနိုင်သည်။ မဲဆန္ဒရှင်များသည် မဲစာရင်းတွင် ပါဝင်ခြင်းရှိ/မရှိနှင့် မိမိတို့၏ အချက်အလက်မှန်ကန်မှု ရှိ/ မရှိတို့ကို စစ်ဆေးဆောင်ရွက်နိုင်သည်။ မဲဆန္ဒရှင်များသည် မဲစာရင်းတွင် ပါရှိသည့်အချက်အလက်များကို အတည်ပြုရန် သို့မဟုတ် ပြင်ဆင်မှုများပြုလုပ်ရန် အတွက် ရွေးကောက်ပွဲမတိုင်မီ ၁၅ ရက်အလိုတွင် ဆောင်ရွက်နိုင်သည်။

(ဆက်လက်ဖော်ပြပါမည်)

ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ရန်ကုန်-မန္တလေးရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေး စီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် စီမံကိန်းလုပ်ငန်းခွင်နေရာများ သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၉

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဝင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်-မန္တလေးရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေးစီမံကိန်း အဆင့်(၁)၏ ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပြွန်တန်ဆာဘူတာမှပဲခူးမြို့နယ် ဘုရားကြီးဘူတာအထိ စီမံကိန်းလုပ်ငန်းခွင်နေရာများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ညောင်လေးပင်မြို့နယ် ပြွန်တန်ဆာမြို့ရှိ ရန်ကုန်-တောင်ငူရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေး စီမံကိန်းအဆင့်(၁)၏ ပဲခူး-ညောင်လေးပင်လမ်းပိုင်း (CP-102)စီမံကိန်းရုံး ရှင်းလင်းဆောင်သို့ ရောက်ရှိရာ မြန်မာ့မီးရထားမှ အထွေထွေမန်နေဂျာ (အင်ဂျင်နီယာ-စီမံ)နှင့် စီမံကိန်း တာဝန်ရှိသူများက ဂျပန်နိုင်ငံ ODA ချေးငွေဖြင့် ရန်ကုန်-မန္တလေးရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်း၏ အပိုင်း(၁) ဖြစ်သော ရန်ကုန်-တောင်ငူ ရထားလမ်းပိုင်း၌ ဆောင်ရွက်နေသည့် စီမံကိန်းလုပ်ငန်းများ၏ တိုးတက်မှုကို အပိုင်းလိုက် ရှင်းလင်းတင်ပြကြသည်။ ယင်းနောက် မြန်မာ့မီးရထား အထွေထွေမန်နေဂျာ (အင်ဂျင်နီယာ-စီမံ)က စီမံကိန်း၏ သတ်မှတ်ကာလများအတိုင်း အချိန်မီပြီးစီးရေး ညှိနှိုင်းဆောင်ရွက်နေမှုကို ဆက်လက်တင်ပြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက အပိုင်းလိုက် စီမံကိန်းလုပ်ကွက်များ လျာထားသည့်သတ်မှတ်ကာလအလိုက် အချိန်မီပြီးစီးနိုင်ရေးအတွက် ကြီးကြပ်ဆောင်ရွက်ရေး၊ ပွင့်လင်းရာသီတွင် ပြီးစီးမှုရာခိုင်နှုန်း သိသာစွာ တိုးတက်စေရေး၊ စီမံကိန်း၏ အရည်အသွေးပြည့်မီစေရန်အတွက် သတ်မှတ်ထားသည့် ဒီဇိုင်းမှန်ကန်မှု၊ စီမံကိန်းတွင် တည်ဆောက်ရေးပစ္စည်းများ မှန်ကန်စွာ အသုံးပြုမှု၊ လုပ်ငန်းခွင်၌ လုပ်သားများ၏ ကျွမ်းကျင်မှုစသည်တို့သည် အဓိကလိုအပ်ချက်များဖြစ်သောကြောင့် ဌာနမှတာဝန်ရှိသူများ၊ စီမံကိန်းဆိုင်ရာ အကြံပေးအဖွဲ့နှင့် စီမံကိန်းကန်ထရိုက်တာအဖွဲ့များ ပေါင်းစပ်ညှိနှိုင်း၍ လုပ်ငန်းအားအရှိန်အဟုန်ဖြင့် အောင်မြင်တိုးတက်စေရေး၊ ရထားပို့ဆောင်ရေးကဏ္ဍ ခေတ်မီဖွံ့ဖြိုး တိုးတက်လာစေရေးအတွက် ဦးစားပေး လုပ်ငန်းအလိုက်အလေးထား၍ အကောင်အထည်ဖော်ဆောင်ရွက်ရေးတို့ကို မှာကြားပြီး စီမံကိန်းတွင် တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းများကို အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြွန်တန်ဆာဘူတာ၌ ပလက်ဖောင်းအသစ်တည်ဆောက်မှုလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး Diesel Electric Multiple Unit-DEMU ရထားတွဲဆိုင်းသစ်ဖြင့်လိုက်ပါလျက် စီမံကိန်း၏ ပဲခူး-ညောင်လေးပင်အပိုင်း ပြွန်တန်ဆာဘူတာမှ ဘုရားကြီးဘူတာအထိ မိုင် ၃၀ အတွင်း ရထားလမ်းတစ်လျှောက် တည်ဆောက်ပြီးစီးမှုနှင့် တံတားအမှတ် (116-B) ဆောက်လုပ်မှုလုပ်ငန်းခွင်များကိုစစ်ဆေး၍ ရင်းနှီးစွာ နှုတ်ဆက်ကာ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဘုရားကြီးဘူတာသို့ရောက်ရှိပြီး ဘူတာမှ ဝန်ထမ်းများကိုတွေ့ဆုံ၍ ဒေသခံပြည်သူများ အဆင်ပြေစေရေးအတွက် လူစီးရထားရပ်တန့်ပေးနိုင်ရန် စီစဉ်ပေးရေးနှင့် ဘူတာသန့်ရှင်းသပ်ရပ်ရေး၊ စနစ်တကျရှိရေး လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Mongkol Visitstump ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၉

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Mongkol Visitstump ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့ နံနက် ၁၁ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ဆွေးနွေး

တွေ့ဆုံစဉ် မြန်မာ-ထိုင်း နှစ်နိုင်ငံ ကုန်သွယ်ရေးပူးတွဲကော်မရှင် အစည်းအဝေးကို ဆောလျင်စွာ ပြန်လည်ကျင်းပနိုင်ရေး၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှုမြှင့်တင်နိုင်ရေး၊ နယ်စပ်ကုန်သွယ်မှုတွင် အဆင်ပြေချောမွေ့စေရေးနှင့် နှစ်နိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တက်ရောက်

တွေ့ဆုံပွဲသို့ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ နည်းပညာသင်တန်းပို့ချ

ပုသိမ် ဇန်နဝါရီ ၁၉

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သည် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပူးပေါင်း၍ တိုင်းဒေသကြီး၌ ဖွဲ့စည်းထားရှိသည့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit-CPU)ကို ယနေ့တွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ နည်းပညာသင်တန်းပို့ချသည်။

ပြောကြား

သင်တန်းတွင် ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးလင်းက အသေးစားအဂတိလိုက်စားမှုများကို လျှော့ချနိုင်စေရန်ရည်ရွယ်၍ ဖွဲ့စည်းထားသည့် CPU အဖွဲ့များ အနေဖြင့် လုပ်ငန်းတာဝန်များကို တိတိကျကျသိရှိအကောင်ထည်ဖော်နိုင်ရန် ယနေ့သင်တန်းကို ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းသည် နိုင်ငံ့ဝန်ထမ်းများ၊ ပြည်သူ့ဝန်ထမ်းများ၊ မီဒီယာများက ချမှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်း၊ ကျင့်ဝတ်များကို လိုက်နာဆောင်ရွက်ခြင်းနှင့် ပြည်သူများအားလုံး ပါဝင်ဆောင်ရွက်မှသာ အဂတိလိုက်စားမှုများ လျော့နည်းသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတကာရေးရာနှင့် တားဆီးကာကွယ်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးက CPU ၏ လုပ်ငန်းတာဝန်များ၊ တည်မြဲလုပ်ထုံးလုပ်နည်း (Standing Operating Procedure-SOP)၊ လုပ်ငန်းလမ်းညွှန် (Terms of Reference-TOR) ရေးဆွဲခြင်း၊ အဂတိလိုက်စားနိုင်ခြေအန္တရာယ်ရှိမှု ဆန်းစစ်လေ့လာခြင်း (Corruption Risk Assessment - CRA)၊ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်း အစီအစဉ် (Public Feedback Programme - PFP) တို့နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခဲ့ပြီး PFP အသုံးပြုဆောင်ရွက်နိုင်ရေး လက်တွေ့လေ့ကျင့်ဆောင်ရွက်၍ အပြန်အလှန်ဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

စောစောအိပ်လို့ စောစောထလို့ စောစောလမ်းလျှောက်ကြပါစို့

မဲခေါင်ဒေသတွင်းနိုင်ငံများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရန်၊ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းနိုင်ရန်နှင့် အနုပညာရှင်လူငယ်များအကြား ချစ်ခင်ရင်းနှီးမှုရရှိစေရန် မဲခေါင်-လန်ချန်းဒေသ ရိုးရာအကပွဲတော် ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၉

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေထောက်ပံ့မှုဖြင့် မဲခေါင်-လန်ချန်းဒေသတွင်းနိုင်ငံများ ပူးပေါင်းဖျော်ဖြေသည့် မဲခေါင်-လန်ချန်းဒေသ ရိုးရာအကပွဲတော် (Traditional Dance Festival) ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန - ၂ ၌ hybrid စနစ်ဖြင့် ကျင်းပသည်။

အခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ဒုတိယဝန်ကြီး ဦးအေးထွန်းနှင့် ဒေါက်တာမိုးဇော်ထွန်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မဲခေါင်ဒေသတွင်းနိုင်ငံများမှ မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီးများနှင့် သံရုံးတာဝန်ရှိသူများ၊ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ၊ မဲခေါင် - လန်ချန်းပူးပေါင်းညှိနှိုင်းရေးအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ပွဲတော်တွင် ပါဝင်ဆင်နွှဲကြသည့် မဲခေါင်ဒေသတွင်းနိုင်ငံများမှ အနုပညာရှင်များ၊ ဖိတ်ကြားထားသူများက အွန်လိုင်းစနစ်ဖြင့် တက်ရောက်ကြသည်။

ရှေးဦးစွာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက အမှာစကား ပြောကြားရာတွင် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ အဓိကရည်ရွယ်ချက်မှာ မဲခေါင်ဒေသတွင်းနိုင်ငံများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုပြီး သာယာဝပြောမှုကို တိုးမြှင့်ပေးရန်၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုရရှိစေရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု ကွာဟနေခြင်းကို လျှော့ချသွားရန်၊ အာဆီယံအသိုက်အဝန်းတည်ထောင်မှုကို အထောက်အကူပြုရန်၊ ကုလသမဂ္ဂ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ် ၏ ၂၀၃၀ ရည်မှန်းချက်ကို တိုးမြှင့်အကောင်အထည်ဖော်သွားရန်နှင့် ဖွံ့ဖြိုးဆဲနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်ရေး South South Cooperation ကို တိုးမြှင့်သွားရန် တို့ဖြစ်ကြောင်း။

ယခုပွဲတော် ကျင်းပခြင်းဖြင့် ပွဲတော်၏ ရည်ရွယ်ချက်ဖြစ်သော Unity is Diversity ဆိုသည့် အတိုင်း မဲခေါင်-လန်ချန်းဒေသတွင်းရှိ နိုင်ငံများသည် မတူကွဲပြားသော်လည်း ယဉ်ကျေးမှုများမှာ ဆက်နွယ်ပြီး အခြေခံအားဖြင့် တူညီမှုရှိသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ထို့ပြင် MLC တစ်နိုင်ငံချင်းစီ၏ ရိုးရာအကတင်ဆက်မှုများကို လေ့လာပြီး အမြင်ချင်းဖလှယ်ခွင့်ရရှိသော အခွင့်အလမ်းများရရှိခြင်း၊ ယဉ်ကျေးမှုဆိုင်ရာ မတူညီမှုများ ကွဲပြားမှုများကို သိရှိလေ့လာနိုင်ရန်၊ တိုင်းတစ်ပါး ယဉ်ကျေးမှုလွှမ်းမိုးလာခြင်းနှင့် ရုပ်ဝတ္ထုများ နည်းပညာဖွံ့ဖြိုးတိုးတက်မှုတို့ကြောင့် MLC ဒေသတွင်းနိုင်ငံများအနေဖြင့် တူညီသော စိန်ခေါ်မှုတစ်ရပ်ကို ရင်ဆိုင်နေကြရသဖြင့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းနိုင်ရန်၊ ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် မဲခေါင်-လန်ချန်းဒေသတွင်းရှိ အနုပညာရှင်လူငယ်များအကြား ပိုမိုချစ်ခင်ရင်းနှီးမှုများဖြင့် ဆောင်ရွက်နိုင်စေခြင်း စသည့် အကျိုးကျေးဇူးများ ရရှိစေမည်ဖြစ်ကြောင်း။

ယခုကျင်းပသည့် ပွဲတော်၌ မိမိတို့၏ ဒေသတွင်းနိုင်ငံတိုင်းတွင်ရှိပြီးဖြစ်သည့် သမိုင်းကြောင်းရှည်လျားပြီး အလွန်တရာမှ တန်ဖိုးကြီးမြင့်လှသော ရိုးရာသုခုမအကပညာရပ်များကို နိုင်ငံတစ်နိုင်ငံချင်းစီသာမက နိုင်ငံအားလုံးက စုပေါင်းထိန်းသိမ်းကြရန်၊ အပြန်အလှန် ချစ်ကြည်ရင်းနှီးမှုများစွာဖြင့် ကူးလူးဆက်ဆံပြီး ရိုးရာယဉ်ကျေးမှုအနုပညာအကများကို ယဉ်ကျေးမှု ဖလှယ်ကြရန်နှင့် မျိုးဆက်သစ် လူငယ်များအားလက်ဆင့်ကမ်း မျှဝေနိုင်ကြရန် လေးနက်စွာ တိုက်တွန်းအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသံရုံး အကြီးအကဲ Ms.Cao Jing နှင့် မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု ပူးပေါင်းညှိနှိုင်းရေးအဖွဲ့(မြန်မာ)မှ ဒုတိယဥက္ကဋ္ဌ ဦးဝင်းဇေယျာထွန်းတို့က နှုတ်ခွန်းဆက်စကားများပြောကြားကြသည်။

ယင်းနောက် မြန်မာနိုင်ငံမှ အနုပညာရှင်များက မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေး Theme Song ဖြင့် ဂုဏ်ပြုတေးသရုပ်ဖော် ဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ရိုးရာအကပွဲတော်သို့ တက်ရောက်လာကြသူများက စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် တရုတ်ပညာရှင် Ms.Feng Mi က မြန်မာ့ယဉ်ကျေးမှုနှင့်ပတ်သက်၍ လေ့လာဆည်းပူးခဲ့ရမှုများကို လည်းကောင်း၊ Mr.Shen Chen က တရုတ်နိုင်ငံရှိ ရိုးရာယဉ်ကျေးမှုအကြောင်းနှင့် ဆောင်ရွက်ခဲ့ရသော အတွေ့အကြုံများကို လည်းကောင်း မျှဝေဖလှယ်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မဲခေါင်ဒေသတွင်းနိုင်ငံများမှ အနုပညာရှင်များ၊ ဖိတ်ကြားထားသူများက အွန်လိုင်းစနစ်ဖြင့် တက်ရောက်ကြသည်။

ရှေးဦးစွာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက အမှာစကား ပြောကြားရာတွင် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ အဓိကရည်ရွယ်ချက်မှာ မဲခေါင်ဒေသတွင်းနိုင်ငံများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုပြီး သာယာဝပြောမှုကို တိုးမြှင့်ပေးရန်၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုရရှိစေရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု ကွာဟနေခြင်းကို လျှော့ချသွားရန်၊ အာဆီယံအသိုက်အဝန်းတည်ထောင်မှုကို အထောက်အကူပြုရန်၊ ကုလသမဂ္ဂ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ် ၏ ၂၀၃၀ ရည်မှန်းချက်ကို တိုးမြှင့်

ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် လဟယ်နှင့် ဟုမ္မလင်းမြို့နယ်များရှိ ဝန်ထမ်းများနှင့်တွေ့ဆုံ

နေပြည်တော် ဧနှစ်ဝါရီ ၁၉

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်သည် ဧနှစ်ဝါရီ ၁၆ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နှင့် ဟုမ္မလင်းမြို့၌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာဝန်ထမ်းများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

လုပ်ငန်းတာဝန်များကို ကြိုးပမ်းထမ်းဆောင်

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနနှင့် ပြည်တွင်းအခွန်များဦးစီးဌာနတို့မှ ဝန်ထမ်းများအနေဖြင့် သက်ဆိုင်ရာစီမံကိန်းများကို လျာထားချက်အလိုက် အောင်မြင်စွာအကောင်အထည်ဖော်ရေး၊ တောင်သူလယ်သမားများထံ ရာသီအလိုက် စိုက်ပျိုးစရိတ်ချေးငွေများ အချိန်မီထုတ်ချေးပေးနိုင်ရေးနှင့် ချေးငွေပြန်လည်ပေးဆပ်ရေး၊ ဘတ်ဂျက်နှင့် ဘဏ်လုပ်ငန်းဆိုင်ရာကိစ္စ၊ အခွန်ရငွေများကို လျာထားချက်ပြည့်မီအောင်ကောက်ခံနိုင်ရေးကိစ္စ၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းပံ့ပိုးဆောင်ရွက်ပေးနိုင်ရေးနှင့် ဝန်ထမ်းများအနေဖြင့် စည်းလုံးညီညွတ်ချစ်ခင်စွာဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်များကို ကြိုးပမ်းထမ်းဆောင်ကြရေးအတွက် မှာကြားခဲ့ပြီး ဝန်ထမ်းများ၏ တင်ပြချက်များကို ဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားတွင် ဝန်ကြီးဌာနကိုယ်စားပြု ပါဝင်ဆောင်ရွက်ခဲ့သည့် ဝန်ထမ်းများ ဂုဏ်ပြုညစာစားပွဲ အခမ်းအနား ကျင်းပ

နေပြည်တော် ဧနှစ်ဝါရီ ၁၉

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယနေ့ ညနေ ၆ နာရီတွင် နေပြည်တော်ရှိ Western Park Royal Restaurant ၌ ကျင်းပသည်။

ကြုံတောင့်ကြုံခဲ

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးဦးအောင်နိုင်ဦးက (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနားတွင် မိမိတို့ဝန်ကြီးဌာနအနေဖြင့် ဝန်ကြီးဌာနကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ ထိုင်ကြည့်တပ်ခွဲ၊ ဂုဏ်ပြုယာဉ် တစ်စီးနှင့် ပြခန်း တစ်ခန်းတို့ ပါဝင်ပြသခဲ့ပြီး တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများကို ဂုဏ်ပြုသောအနေဖြင့် ကျင်းပရခြင်းဖြစ်ကြောင်း၊ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားသည် ကြုံတောင့်ကြုံခဲ နေ့ထူးနေ့မြတ်ဖြစ်သည့်အပြင် သမိုင်းတွင်ကျန်ရစ်မည့် နိုင်ငံတော်အဆင့် အခမ်းအနားကြီးဖြစ်သည့်အတွက် အဆိုပါအခမ်းအနားတွင် ကျရာနေရာကဏ္ဍအလိုက် ပါဝင်ဆင်နွှဲခွင့်ရရှိခဲ့ကြသည့် ဝန်ထမ်းများအနေဖြင့်လည်း ဂုဏ်ယူရမည့် အခမ်းအနားတစ်ခုဖြစ်ကြောင်းနှင့် ဝန်ထမ်းများအနေဖြင့် စိန်ရတုလွတ်လပ်ရေးနေ့တွင် စိတ်ဓာတ်တက်ကြွစွာ ပါဝင်ခဲ့ကြခြင်းကို ဂုဏ်ယူကြောင်း ပြောကြားသည်။

အခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားတွင် ပါဝင်ခဲ့သော အရာထမ်း၊ အမှုထမ်းများ ပါဝင်တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပြည်သူလူထု ကျန်းမာရေးမထိခိုက်စေရေး နေ့စဉ်စားသုံးသည့်အစားအစာများ ဘေးအန္တရာယ်ကင်းရှင်းစေရေး ထိထိရောက်ရောက်စစ်ဆေးနိုင်ရန်နှင့် စည်းကမ်းဖောက်ဖျက်ပါက လိုအပ်သလို အရေးယူဆောင်ရွက်ရန်လိုအပ်

နေပြည်တော် ဧနှစ်ဝါရီ ၁၉

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း အစားအသောက်ဘေးအန္တရာယ် ကင်းရှင်းစေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

စနစ်တကျ ကြပ်မတ်စစ်ဆေး

ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်က ပြည်သူလူထု နေ့စဉ်စားသောက်မှုအဆင်ပြေစေရန်နှင့် သက်သာသောစျေးနှုန်းဖြင့် ဘေးအန္တရာယ်ကင်းရှင်းစွာ စားသောက်နိုင်ရေးသည် အရေးကြီးကြောင်း၊ စားသုံးသူရေးရာဦးစီးဌာနနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတို့အနေဖြင့်လည်း စားသုံးသူများ၏ လိုအပ်ချက်နှင့် အခွင့်အရေးများ အပြည့်အဝရရှိစေရန်အတွက် စားသုံးသူများ၏ အခွင့်အရေးနှင့် တာဝန်များကို တိတိကျကျရေးဆွဲထားသည်ကို တွေ့ရှိရကြောင်း၊ အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းနိုင်ရေးဆိုရာတွင် စတင်စိုက်ပျိုး၊ ထုတ်လုပ်၊ ဖြန့်ဖြူးရောင်းချမှုများနှင့် သက်ဆိုင်ကြောင်း၊ ဆိုးဆေးနှင့် ကြာရှည်ခံပစ္စည်းများသုံးစွဲမှုများကို စနစ်တကျ ကြပ်မတ်စစ်ဆေးရန်လိုအပ်ကြောင်း။

စည်ပင်သာယာရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းစဉ်များတွင် ရောဂါကာကွယ်ခြင်းနှင့် ပြည်သူ့ကျန်းမာရေးဆိုင်ရာ ကာကွယ်ခြင်းဟူသည့် အချက်ပါဝင်ကြောင်း၊ ပြည်သူလူထုကျန်းမာရေးမထိခိုက်စေရေး နေ့စဉ်စားသုံးသည့် အစားအစာများ ဘေးအန္တရာယ်ကင်းရှင်းစေရေး ထိထိရောက်ရောက် စစ်ဆေးနိုင်ရန်နှင့် စည်းကမ်းဖောက်ဖျက်ပါက လိုအပ်သလို အရေးယူဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ဈေးအသီးသီးတွင် အခြေခံစားသောက်ကုန်များ ဘေးအန္တရာယ်ကင်းရှင်းစေရေး၊ စားသောက်ဆိုင်များ၊ အစားအသောက် ထုတ်လုပ်ဖြန့်ဖြူးရောင်းချသောလုပ်ငန်းများ၊ ရေသန့်လုပ်ငန်းများကို ကျန်းမာရေးနှင့်ညီညွတ်မှုရှိ၊ မရှိ စနစ်တကျစစ်ဆေး ကြပ်မတ်ပြီး သက်ဆိုင်ရာဌာနများအနေဖြင့် ကျန်းမာရေး ထောက်ခံချက်လုပ်ငန်း ဆောင်ရွက်ပေးကြစေလိုကြောင်း၊ အဓိကအရေးကြီးဆုံးအချက်မှာ စားသုံးသူအခြေခံလူတန်းစားများ အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်သက်၍ အသိပညာပေးရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရေး ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ယခုကိစ္စရပ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အရေးကြီးသောလုပ်ငန်းဖြစ်သဖြင့် တက်ရောက်လာသော ဌာနဆိုင်ရာများက ကျရာအခန်းကဏ္ဍမှ လိုအပ်သလို ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်နှင့် ဌာနကြီးမှူးများက နေပြည်တော်အတွင်းရှိ ဈေးများ၊ တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများ၊ အသားထုတ်လုပ်ရောင်းချနေမှုများ၊ အစားအသောက်ထုတ်လုပ်သည့်လုပ်ငန်းများကို စစ်ဆေးခြင်းနှင့် အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းစေရေး ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနနှင့် နေပြည်တော်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက နေပြည်တော်အတွင်း အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် ပူးပေါင်းဆောင်ရွက်နေမှု အခြေအနေများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် အခြေအနေများကို သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ထိုင်းနိုင်ငံ၌ တိုင်းရင်းသားရေးရာမူဝါဒနှင့် ယဉ်ကျေးမှုဖလှယ်ရေးဆွေးနွေးပွဲ ကျင်းပ

ဗန်ကောက် ဇန်နဝါရီ ၁၉

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေ(၂၀၂၀)ဖြင့် တိုင်းရင်းသားရေးရာ ယဉ်ကျေးမှုဖလှယ်ရေးအစီအစဉ်အရ တိုင်းရင်းသားရေးရာမူဝါဒနှင့် ယဉ်ကျေးမှုဖလှယ်ရေးဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ Ambassador Hotel ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်၊ ကရင်ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီးဦးစန်းကို၊ တနင်္သာရီတိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောမာတင်လူသာ၊ ဝန်ကြီးဌာနမှ ကိုယ်စားလှယ်များနှင့် ထိုင်းနိုင်ငံ လူမှုဘဝလုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ တရားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ မဲခေါင်-လန်ချန်းဒေသတွင်း နိုင်ငံများ၏ သံရုံးများမှ တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးမှ သံအမတ်ကြီး ဦးချစ်ဆွေ၊ သံရုံးတာဝန်ခံများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားတွင် ထိုင်းနိုင်ငံ လူမှုဘဝလုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန အကြီးအကဲ Mr.Anan Dontree က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယအမြဲတမ်းအတွင်းဝန် Ms. Phantipha Iamsudha Ekarohit က အမှာစကားပြောကြားသည်။

ယင်းနောက် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်က မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ၂၀၂၀ ဖြင့် ဆောင်ရွက်သည့် ယခုအစီအစဉ်သည် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား တိုင်းရင်းသားရေးရာ ယဉ်ကျေးမှုများနှင့် ချမှတ်ထားသည့် မူဝါဒများကို အပြန်အလှန် မျှဝေလေ့လာဖလှယ်နိုင်ရေးကို ရည်ရွယ်ပါကြောင်း၊ ယခုဆွေးနွေးပွဲတွင် နှစ်နိုင်ငံ တိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အနာဂတ်တွင် အတူတကွ ပူးပေါင်းဆောင်ရွက်နိုင်ရန် အပြန်အလှန် အမြင်ချင်းဖလှယ် ဆွေးနွေးကြစေလိုပါကြောင်း ပြောကြားသည်။

ရှင်းလင်းဆွေးနွေး

ဆက်လက်၍ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်နန်းလောင်ဟွမ်က မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု စီမံချက်နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် ဂုဏ်ပြုအမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြပြီး ကိုယ်စားလှယ်များနှင့် ဓာတ်သည်တော်များက စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကာ နံနက်ပိုင်း ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ယင်းနောက် အခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးဇော်ထွန်းက တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များကို လည်းကောင်း၊ ထိုင်းနိုင်ငံ လူမှုဘဝလုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနမှ အကြီးအကဲ Mr. Mak Srikhao က The Concept of Highland People Development ခေါင်းစဉ်ဖြင့်လည်းကောင်း၊ တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမောင်မောင်ဦးက တိုင်းရင်းသားရေးရာမူဝါဒနှင့် အခွင့်အရေးများအကြောင်းကို လည်းကောင်း၊ ထိုင်းနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန တရားမဝင် ရွှေ့ပြောင်းနေထိုင်သူများနှင့် နေရပ်စွန့်ခွာသူများဆိုင်ရာ မူဝါဒပေါင်းစပ်ညှိနှိုင်းရေးမှူး Ms. Monhathai Rattananupong နှင့် ထိုင်းလူမျိုးမဟုတ်သူများ မှတ်ပုံတင်ရေးဆိုင်ရာ အုပ်ချုပ်ရေးအရာရှိ Mr. Woraphong Janmanajarean တို့က ဌာန၏ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းတာဝန်များနှင့် ဆောင်ရွက်ချက်များကိုလည်းကောင်း၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်က မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးစုများ၏ ယဉ်ကျေးမှုပွဲတော်များအကြောင်းကိုလည်းကောင်း၊ ထိုင်းနိုင်ငံ တရားရေးရာဝန်ကြီးဌာနမှ တရားရေးအရာရှိ Ms. Siriorn Aromdee Justice Officer, Practioner Level, Rights and Liberties Protection Department က Promoting access to Justice towards Ethnic Groups in Thailand ကိုလည်းကောင်း၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမင်းသူရအောင်က မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုများအကြောင်းကိုလည်းကောင်း၊ ထိုင်းနိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဌာနမှ Mr. Apinan Thammmasena က တိုင်းရင်းသားများ၏ အသက်မွေးဝမ်းကျောင်းမှု ကာကွယ်ရေးနှင့် မြှင့်တင်ရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နှစ်နိုင်ငံ တက်ရောက်လာကြသူများက အထွေထွေဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက ကျေးဇူးတင်စကား ပြောကြားသည်။

သတင်းစဉ်

၂၀၃၀ ပြည့်နှစ်တွင် ငှက်ဖျားရောဂါအလုံးစုံကင်းဝေးရေး ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၁၉

ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ အမျိုးသားငှက်ဖျားရောဂါ တိုက်ဖျက်ရေးစီမံချက် ၂၀၃၀ ပြည့်နှစ်တွင် ငှက်ဖျားရောဂါကင်းဝေးရေး ရည်မှန်းချက်ပြည့်မီရေးအတွက် ကမ္ဘာ့ရန်ပုံငွေအထောက်အပံ့ဖြင့် ၂၀၂၄ ခုနှစ်မှ ၂၀၂၆ ခုနှစ်အထိ ဆက်လက်ဆောင်ရွက်မည့် ငှက်ဖျားရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများအတွက် RAI4E funding Proposal အတွက် အလုပ်ရုံဆွေးနွေးပွဲ Malaria GFATM Country Dialogue(Myanmar)ကို နေပြည်တော် ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ် (၄) အစည်းအဝေးခန်းမ၌ ယနေ့ နံနက် ၉ နာရီတွင် ကျင်းပသည်။

လျော့နည်းကျဆင်း

အစည်းအဝေးတွင် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာအေးထွန်းက မြန်မာနိုင်ငံ၏ ငှက်ဖျားရောဂါ ဖြစ်ပွား/သေဆုံးမှုသည် ၂၀၁၂ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း သိသာစွာလျော့နည်းကျဆင်းခဲ့သော်လည်း ၂၀၂၀ ပြည့်နှစ်တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် ငှက်ဖျားရောဂါကင်းဝေးရေး လုပ်ငန်းစဉ်များအပေါ် သက်ရောက်မှုရှိခဲ့ပါကြောင်း၊ အထူးသဖြင့် သွားလာရခက်ခဲသော နယ်စပ်ဒေသများတွင် ရောဂါဖြစ်ပွားမှုပိုမိုများပြားလာခဲ့သဖြင့် ငှက်ဖျားရောဂါကင်းဝေးရေးအတွက် ပိုမိုအားစိုက်ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် ၂၀၂၅ ခုနှစ်တွင် ဖယ်စီပါရမ်ငှက်ဖျားရောဂါကင်းဝေးရေးနှင့် ၂၀၃၀ ပြည့်နှစ်တွင် ငှက်ဖျားရောဂါအလုံးစုံကင်းဝေးရေးတို့အတွက် ဆောင်ရွက်လျက်ရှိကြောင်း။

ကမ္ဘာ့ရန်ပုံငွေအဖွဲ့မှ ရန်ပုံငွေဆက်လက်ထောက်ပံ့နိုင်ရေးအတွက် အဆိုပြုလွှာကို ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ငှက်ဖျားရောဂါတိုက်ဖျက်ရေးစီမံချက်နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ တာဝန်ရှိသူများ ပူးပေါင်းဆွေးနွေးဆောင်ရွက်လျက်ရှိပြီး မကြာမီ ကမ္ဘာ့ရန်ပုံငွေအဖွဲ့သို့ ပေးပို့နိုင်မည်ဟု သိရှိရကြောင်း နှင့် လုပ်ငန်းများအောင်မြင်စေရေးအတွက် ဆွေးနွေးပွဲသို့ တက်ရောက်လာသူများက ဝိုင်းဝန်းဆွေးနွေးကောင်း၊ ထိုင်းနိုင်ငံ တရားရေးရာဝန်ကြီးဌာနမှ တရားရေးအရာရှိ Ms. Siriorn Aromdee Justice Officer, Practioner Level, Rights and Liberties Protection Department က Promoting access to Justice towards Ethnic Groups in Thailand ကိုလည်းကောင်း၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမင်းသူရအောင်က မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုများအကြောင်းကိုလည်းကောင်း၊ ထိုင်းနိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဌာနမှ Mr. Apinan Thammmasena က တိုင်းရင်းသားများ၏ အသက်မွေးဝမ်းကျောင်းမှု ကာကွယ်ရေးနှင့် မြှင့်တင်ရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နှစ်နိုင်ငံ တက်ရောက်လာကြသူများက အထွေထွေဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက ကျေးဇူးတင်စကား ပြောကြားသည်။

သတင်းစဉ်

အကြံပြုကြရန်ဖြစ်ပါကြောင်း ပြောကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ အမျိုးသားငှက်ဖျားရောဂါတိုက်ဖျက်ရေးစီမံချက်မန်နေဂျာ၊ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာနေရည်ရည်လင်းက မြန်မာနိုင်ငံတွင် ငှက်ဖျားရောဂါကင်းဝေးရေး ဆောင်ရွက်မည့် မဟာဗျူဟာနှင့် ဦးစားပေးလုပ်ငန်းစဉ်များကိုလည်းကောင်း၊ ကမ္ဘာ့ရန်ပုံငွေအဖွဲ့မှ တာဝန်ရှိသူများက ရန်ပုံငွေလျှောက်ထားခြင်းနှင့် ပတ်သက်သော အဆင့်များနှင့် လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း၊ ငှက်ဖျားမိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်တစ်ဦးက ငှက်ဖျားရောဂါကင်းဝေးရေးအတွက် ဆက်လက်ဦးစားပေးဆောင်ရွက်ပေးစေလိုသည့် အချက်များကို ရှင်းလင်းတင်ပြကြသည်။

အဆိုပါဆွေးနွေးပွဲသို့ ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ငှက်ဖျားရောဂါတိုက်ဖျက်ရေးစီမံချက် တာဝန်ရှိသူများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့(မြန်မာ)၊ ကမ္ဘာ့ရန်ပုံငွေအဖွဲ့နှင့် မိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ပေါင်မြို့နယ်၌ ခွေးရူးရောဂါအန္တရာယ်ဆိုင်ရာ အသိပညာပေးဆွေးနွေး

ပေါင် ဇန်နဝါရီ ၁၉

မွန်ပြည်နယ် ပေါင်မြို့နယ်၌ ခွေးရူးရောဂါအန္တရာယ်ဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ပြုလုပ်သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဒေါ်တင်ဇာစိုးက ဆွေးနွေးပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားသည်။

ထို့နောက် ပေါင်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာသက်နိုင်က ခွေးရူးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ကြောင်း၊ ခွေးရူးရောဂါဖြစ်စေသော ဗိုင်းရပ်စ်ပိုးသည် သွေးထဲတွင်မနေဘဲ ဦးနှောက်တွင်သာ ရှာဖွေစမ်းသပ်နိုင်ကြောင်း၊ ခွေးရူးရောဂါကူးစက်ခံရသူသည် လေတိုက်မခံနိုင်ခြင်း၊ ရေကြောက်ခြင်း၊ သွားရေကျခြင်းစသည့်လက္ခဏာများ ဖြစ်ပေါ်ကြောင်း၊ ခွေးရူးပြန်ရောဂါမဖြစ်ပွားအောင် ခွေးကိုက်သည်နှင့် ၂၄ နာရီအတွင်း ကာကွယ်ဆေးထိုးလျှင် ခွေးရူးရောဂါမှကာကွယ်နိုင်ကြောင်း စသည့် အကြောင်းအရာများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ဓာတ်ခွဲနမူနာစုစုပေါင်း ၅၁၃၅ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ရှစ်ဦး တွေ့ရှိ

ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၉-၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၈-၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း(၅,၁၃၅)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ရှစ်ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁၆) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၈၉၈,၆၄၆)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၇၈၅)ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၂၃၀) ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ယခုအခါ ကမ္ဘာ့နိုင်ငံအချို့နှင့် အိမ်နီးချင်းနိုင်ငံအချို့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ပြန်လည်မြင့်တက်နေသည့်အပြင် အိုမီခရွန်ဗီဇပြောင်းမျိုးကွဲအသစ်များ လျင်မြန်စွာကူးစက်မှုများရှိနေ၍ မြန်မာနိုင်ငံတွင်လည်း ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်-

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ မပျက်မကွက် ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့် သက်ဆိုင်သောနေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက် ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့်အုပ်၍ ချောင်းဆိုး၊ နှာချေခြင်း စသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

ကြိမ်အင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ ဆဋ္ဌမအကြိမ် ထုတ်ချေး

ပျဉ်းမနား ဧနန်ဝါရီ ၁၉

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွာသာကျေးရွာအုပ်စု ကြိမ်အင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ဆဋ္ဌမအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းထုတ်ချေးပေးကြောင်း သိရသည်။

ရှေးဦးစွာ ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နေခြည်ဇာဝေက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင် အသင်းသား အသင်းသူများ၊ ကျေးရွာစီမံကိန်းလုပ်ငန်းကော်မတီအဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းအဓိက ဝိသေသများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံသို့ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၅၁ သိန်းအား လွှဲပြောင်းပေးသည်။

ထုတ်ချေးပေး

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ကြိမ်အင်းကျေးရွာ၌ ဆဋ္ဌမအကြိမ်အဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား အသင်းသူ ၁၁၄ ဦးကို အရင်းမပျောက် လည်ပတ်ရန်ပုံ ငွေကျပ် ၄၅၁ သိန်းအား အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ ၂၂၂

မိုးနဲမြို့၌ အခြေခံပညာအထက်တန်းကျောင်း ဆိုင်းဘုတ်မုခ်ဦးဖွင့်ပွဲနှင့် ပညာရေးစုံညီပွဲတော်ကျင်းပ

မိုးနဲ ဧနန်ဝါရီ ၁၉

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆိုင်းဘုတ် သဘာဝကျွန်းတိုင် မုခ်ဦးဖွင့်ပွဲနှင့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်အခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲက အဆိုပါကျောင်းဆိုင်းဘုတ် မုခ်ဦးနေရာ၌ ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အခြေခံပညာကျောင်းများမှ ဆရာဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ အလှူရှင်များ၊ ကျောင်းသားမိဘများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ဆိုင်းဘုတ်အား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သွယ်သွယ်ဇင်၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းသန်းသန်းဌေးနှင့် အလှူရှင် ဦးပြည့်ဖြိုးကျော်၊ ဦးစိုင်းနွဲ့တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြပြီး ကျောင်းဆိုင်းဘုတ်အား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ဆက်လက်၍ ၂၀၂၂-၂၀၂၃ ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲကို အခြေခံပညာအထက်တန်းကျောင်း ပုလဲဆောင်ခန်းမ၌ စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

မျိုးညွှန့်ရွှေ(မိုးနဲ)

ပြည်တက္ကသိုလ်နှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ "လူငယ်စကားဝိုင်း" ကျင်းပ

ပြည် ဧနန်ဝါရီ ၁၉

ပဲခူးတိုင်းဒေသကြီး ပြည်တက္ကသိုလ်တွင် ကျောင်းသားလူငယ်မောင်မယ်များအား ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလနှင့် ဘောဂဗလ အစရှိသည့် ဗလငါးတန်အပါအဝင် အထွေထွေအသိပညာဗဟုသုတများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်အတွက် အားကိုးအားထားပြုရသည့် အနာဂတ်၏ ဘက်စုံထူးချွန်ထက်မြက်သော လူ့ချွန်၊ လူ့မွန်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်ချက်တို့ဖြင့် ပြည်တက္ကသိုလ်နှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော "လူငယ်စကားဝိုင်း" ကို ယနေ့နံနက် ၁၀ နာရီက ယင်းတက္ကသိုလ် ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာသက်လွင်က အဖွင့်အမှာစကားပြောကြားပြီး လူငယ်စကားဝိုင်းစတင်ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်ခရိုင်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်ရွှေဝါဖူးက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး ပြည်တက္ကသိုလ်မှ မဟာတန်း(ဒုတိယနှစ်) မြန်မာစာကျောင်းသူ မဇူးသက်ဝေက "လူငယ်နှင့်စာပေ" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ရုက္ခဗေဒ(တတိယနှစ်)ကျောင်းသား မောင်သိဂ်ိုစိုးက "လူငယ်နှင့်အားကစား" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ သမိုင်းအထူးပြု(စတုတ္ထနှစ်)ကျောင်းသား မောင်ရဲမင်းခန့်အောင်က "လူငယ်နှင့် Social Media" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ သတ္တဗေဒမဟာသိပ္ပံ(ပထမနှစ်)ကျောင်းသား မောင်အာကာဗိုလ်က "လူငယ်နှင့်သဘာဝပတ်ဝန်းကျင်" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဥပဒေပညာအထူးပြု(စတုတ္ထနှစ်)ကျောင်းသူ မခိုင်ဇင်ငြိမ်းက "လူငယ်နှင့်မူးယစ်ဆေးဝါး" ခေါင်းစဉ်တို့ဖြင့်လည်းကောင်း ပါဝင်ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ဆွေးနွေးချက်များအပေါ် တက်ရောက်လာသော ပြည်တက္ကသိုလ်ဘာသာရပ်အသီးသီးမှ ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ရေချွေတာရေး နည်းလမ်းများ

- ❖ သွားတိုက်နေစဉ် ဘုံဘိုင်ခေါင်း ဖွင့်မထားပါနှင့်။
- ❖ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။
- ❖ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
- ❖ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

နယူးဇီလန်ဝန်ကြီးချုပ် ဖေဖော်ဝါရီလတွင် နုတ်ထွက်မည်ဟု ပြောကြား

ယုံကြည်မှုများကျဆင်းနေပြီး အတိုက်အခံကွန်ဆာဗေးတစ်ပါတီ၏ ပြင်းပြင်းထန်ထန် ထိုးနှက်မှုကိုလည်း ရင်ဆိုင်နေရသည်။

ကိုးကား-စီဂျီတီအင်ဒန်၊ ဘာသာပြန်-စိုးသူရ

ဝယ်လင်တန် ဧန်နဝါရီ ၁၉

နယူးဇီလန်ဝန်ကြီးချုပ် ဂျက်စင်ဒါအာဒန်က ဖေဖော်ဝါရီလတွင် မိမိရာထူးမှ နုတ်ထွက်မည်ဖြစ်ကြောင်း ရုပ်မြင်သံကြားမိန့်ခွန်း၌ ယနေ့ ကြေညာခဲ့သည်။

မိမိသည် ဝန်ကြီးချုပ်ရာထူးအတွက် ထပ်မံရွေးကောက်ခံမည် မဟုတ်ကြောင်းနှင့် ဖေဖော်ဝါရီ ၇ ရက်ထက်နောက်မကျစေဘဲ ရာထူးမှ နုတ်ထွက်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ နယူးဇီလန် ဝန်ကြီးချုပ်သစ်ရွေးချယ်ပွဲကို ဧန်နဝါရီ ၂၂ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း အစိုးရက ပြောကြားသည်။ နယူးဇီလန်နိုင်ငံ ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ခြင်းအပေါ် ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် ၎င်းဦးဆောင်သည့် ဝန်ကြီးအဖွဲ့သည် နိုင်ငံအတွင်းရှိ ကလေးငယ်များအတွက် လူမှုရေးလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခဲ့သည့်အပြင် ပြည်သူ့အိမ်ရာကဏ္ဍကိုလည်း ထောက်ပံ့မှုများတိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ခြင်း စသည့်အောင်မြင်မှုများရရှိခဲ့ကြောင်း အာဒန်က ပြောကြားသည်။

နယူးဇီလန်နိုင်ငံ၏ အထွေထွေရွေးကောက်ပွဲကို ၂၀၂၃ခုနှစ် အောက်တိုဘာ ၁၄ ရက်တွင် ကျင်းပမည်ဖြစ်ပြီး မိမိပါဝင်သည့် လေဘာပါတီသည် အထက်ပါ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် အကောင်းဆုံးပြင်ဆင်ထားကြောင်း ၎င်းက ပြောကြားသည်။

ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်ပြီးနောက် လွတ်တော် ကိုယ်စားလှယ်အဖြစ် မိမိတာဝန်ထမ်းဆောင်သွားမည်ဖြစ်ကြောင်း အာဒန်က ပြောကြားသည်။ လက်ရှိအချိန်တွင် နိုင်ငံအတွင်း စီးပွားရေးကျဆင်းမှုများကြောင့် လေဘာပါတီအပေါ်

၂၀၂၂ ခုနှစ်အတွင်း ဂျပန်နိုင်ငံသို့ လာရောက်သည့် နိုင်ငံခြားသားဦးရေ ၃ ဒသမ ၈၃ သန်းအထိ ရှိ

တိုကျို ဧန်နဝါရီ ၁၉

၂၀၂၂ ခုနှစ်အတွင်း ဂျပန်နိုင်ငံအစိုးရက ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စည်းမျဉ်းများကို ဖြေလျှော့ပေးခဲ့ပြီးနောက် ဂျပန်နိုင်ငံသို့ လာရောက်သည့် နိုင်ငံခြားခရီးသည်အရေအတွက် ၃ ဒသမ ၈၃ သန်းအထိ ရှိခဲ့ပြီး ယခင်နှစ်ကထက် ၁၅ ဆ တိုးလာကြောင်း သိရသည်။

အဆိုပါ နိုင်ငံခြားခရီးသွားဦးရေ တိုးလာသော်လည်း ယမန်နှစ်က ကိန်းဂဏန်းသည် ကိုဗစ်-၁၉ ရောဂါကူးစက်မှုများ မဖြစ်ပွားမီကာလထက် ၈၈ ရာခိုင်နှုန်း လျော့ကျခဲ့ကြောင်း ဂျပန်အမျိုးသားခရီးသွားလုပ်ငန်းအဖွဲ့က ဆိုသည်။

ကိုဗစ်ကာလမတိုင်မီ တစ်နှစ်အတွင်း ဂျပန်နိုင်ငံသို့ လာရောက်သည့် နိုင်ငံခြားသားခရီးသည်အရေအတွက်သည် ၃၁ ဒသမ ၈၈ သန်းရှိပြီး စံချိန်တင်အများဆုံးဖြစ်ခဲ့ကြောင်း သိရသည်။

၂၀၂၂ ခုနှစ် အောက်တိုဘာလမှစပြီး ကိုဗစ်စည်းမျဉ်းများကို ဖြေလျှော့ကာ နိုင်ငံခြားသားခရီးသွားများအတွက် ဗီဇာကင်းလွတ်ဝင်ရောက်ခွင့်ကို ပြန်လည်စတင်သည့်အချိန်မှစပြီး ဂျပန်နိုင်ငံသို့ ဝင်ရောက်သည့် နိုင်ငံခြားသားအရေအတွက် တဖြည်းဖြည်း တိုးတက်လာခဲ့သည်။

ဒီဇင်ဘာလတစ်လတည်းတွင် ဂျပန်နိုင်ငံသို့ နိုင်ငံခြားခရီးသွားဦးရေ ၁ ဒသမ ၃၇ သန်း၀င်ရောက်ခဲ့ပြီး ယခင်နှစ်အဆိုပါကာလအတွင်း ဝင်ရောက်သည့် ဦးရေ ၁၂၈၄၄ ဦးထက် သိသိသာသာ တိုးလာသည်ဟု ဂျပန်အမျိုးသားခရီးသွားလုပ်ငန်းအဖွဲ့က ပြောကြားသည်။

ထို့ပြင် ၂၀၂၂ ခုနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလအတွင်း နိုင်ငံခြားသားခရီးသည်များသည် ယန်း ၅၉၅ ဒသမ ၂ ဘီလီယံ (အမေရိကန်ဒေါ်လာ ၄ ဒသမ ၅၄ ဘီလီယံခန့်) သုံးစွဲခဲ့ပြီး ၂၀၁၉ ခုနှစ် အလားတူကာလ၏ ထက်ဝက်ခန့် သုံးစွဲခဲ့ကြောင်း ဂျပန်အမျိုးသားခရီးသွားလုပ်ငန်းအဖွဲ့က ဆိုသည်။

ကိုးကား- ဆင်ဟွာ

ဘာသာပြန်- အောင်ကျော်ကျော်

တရုတ်နိုင်ငံ၌ အစားအစာဘေးကင်းလုံခြုံရေးဆိုင်ရာကဏ္ဍကို မြှင့်တင်ဆောင်ရွက်မည်

ပေကျင်း ဧန်နဝါရီ ၁၉

တရုတ်နိုင်ငံ၌ အစားအစာဘေးကင်းလုံခြုံရေးဆိုင်ရာကဏ္ဍများကို မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒုတိယဝန်ကြီးချုပ် ဟန်ဇန်းက ပြောကြားသည်။

တရုတ်နိုင်ငံ၌ အစားအစာဘေးကင်းလုံခြုံရေး နှင့်ပတ်သက်၍ လက်ရှိတွင်လည်း သေချာတိကျသည့်စံချိန်စံညွှန်းများကို သတ်မှတ်ထားကာ တိကျသည့် စီမံခန့်ခွဲမှုနှင့် အစားအစာဘေးကင်းလုံခြုံရေးဆိုင်ရာစည်းမျဉ်းများကို ချိုးဖောက်ပါက တိကျသည့် အရေးယူမှုများဆောင်ရွက်ခြင်းကဲ့သို့သော တာဝန်ယူမှုများကို ဆောင်ရွက်လျက်ရှိကြောင်း ၎င်းက ပြောကြားသည်။

ထို့ပြင် နိုင်ငံအတွင်း အစားအစာဘေးကင်းလုံခြုံရေးအတွက် အစားအစာဘေးကင်းလုံခြုံမှုဆိုင်ရာဥပဒေများကို မြှင့်တင်ခြင်းကဲ့သို့သော စီမံဆောင်ရွက်မှုများဖြင့် ပိုမိုတိကျစွာ ကိုင်တွယ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ နိုင်ငံအတွင်း မကြာမီကျရောက်မည့် နှစ်သစ်ကူးပွဲတော်အတွင်း အစားအစာဘေးကင်းလုံခြုံမှုရှိစေရေးအတွက် အစားအစာထုတ်လုပ်ရေးလုပ်ငန်းများကို တိကျစွာစီမံခန့်ခွဲသွားရန် လိုအပ်ကြောင်း ၎င်းက ပြောကြားသည်။

ကိုးကား-ဆင်ဟွာ

ဘာသာပြန်-စိုးသူရ

ဂျပန်နိုင်ငံ၌ လျှပ်စစ်စကူတာစီးနင်းသူများ ဇူလိုင်လမှစ၍ ယာဉ်မောင်းလိုင်စင်မလိုဘဲ စီးနင်းခွင့်ပြုမည်

တိုကျို ဧန်နဝါရီ ၁၉

ဂျပန်နိုင်ငံ၌ လျှပ်စစ်စကူတာစီးနင်းသူများအား ဇူလိုင်လမှစ၍ ယာဉ်မောင်းလိုင်စင်မလိုဘဲ စီးနင်းခွင့်ပြုသွားမည်ဖြစ်ကြောင်း ဂျပန်အမျိုးသားရဲတပ်ဖွဲ့က ဧန်နဝါရီ ၁၉ ရက်တွင် ပြောကြားသည်။

အဆိုပါ စည်းမျဉ်းအရ လျှပ်စစ်စကူတာများ၏ အမြန်နှုန်းကို တစ်နာရီလျှင် ကီလိုမီတာ ၂၀အထိ သတ်မှတ်ထားပြီး အသက် ၁၆နှစ်အောက်ကလေးငယ်များအား လျှပ်စစ်စကူတာသုံးစွဲခြင်းမှ တားမြစ်ထားသည်။ သို့ရာတွင် လျှပ်စစ်စကူတာသုံးစွဲသူများသည် သာမန်စက်ဘီးစီးနင်းသူများကဲ့သို့ လမ်းစည်းကမ်းများကို လိုက်နာရန်လိုအပ်ပြီး ဦးထုပ်ဆောင်း၍ စီးနင်းရမည်ဖြစ်ကြောင်း သိရသည်။ လက်ရှိအချိန်တွင် လျှပ်စစ်စကူတာစီးနင်းသူများအနေဖြင့် ယာဉ်မောင်းလိုင်စင်ရှိရန် လိုအပ်ပြီး ဦးထုပ်ဆောင်းရန် လိုအပ်ကြောင်း သိရသည်။ မူလက ယခုထပ်မံသတ်မှတ်လိုက်သည့် လျှပ်စစ်စကူတာဆိုင်ရာ ယာဉ်စည်းကမ်းများကို ၂၀၂၄ ခုနှစ် ဧပြီလတွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ရန် ရည်မှန်းထားသော်လည်း ဂျပန်နိုင်ငံအတွင်း လျှပ်စစ်စကူတာသုံးစွဲမှု မြင့်တက်လာခြင်းကြောင့် အချိန် စောစီးစွာချမှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ

ဘာသာပြန်-စိုးသူရ

❖

ဂျပန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၄၅၁ ဦး ထပ်မံသေဆုံး

တိုကျို ဧန်နဝါရီ ၁၉

ဂျပန်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၄၅၁ ဦးသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၆၄၂၀ ရှိကြောင်း သိရသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၉၆၃၉၂ ဦး ထပ်မံတွေ့ရှိခဲ့ရာ လက်ရှိအချိန်အထိ ရောဂါကူးစက်ခံရသူပေါင်း ၃၁၈၁၉၃၁၀ ရှိကြောင်း သိရသည်။

လက်ရှိတွင် ရောဂါပြင်းထန်စွာခံစားနေရပြီး အသက်ရှူအထောက်အကူပြုကိရိယာများ တပ်ဆင်ထားသူ ၆၈၁ ဦးရှိသည်။

ကိုဗစ်-၁၉ ရောဂါထပ်မံကူးစက်ခံရသူများအနက် ၇၇၁၉ ဦးသည် မြို့တော် တိုကျိုမှဖြစ်ပြီး သေဆုံးသူ ၃၀ ရှိကြောင်း သိရသည်။ အဆိုပါ မြို့တော်အတွင်း ရောဂါကူးစက်ခံရသူအရေအတွက်သည် လွန်ခဲ့သော ရက်သတ္တပတ်ကထက် ၅၇၀၈ ဦးလျော့ကျသွားကြောင်း သိရသည်။

လက်ရှိတွင် မြို့တော်တိုကျိုခွဲ ကိုဗစ်-၁၉ ရောဂါပြင်းထန်စွာခံစားနေရသူပေါင်း ၄၄ ဦးရှိကြောင်း သိရသည်။

ကိုးကား- အင်နှအိတ်ချ်ကေ၊ ဘာသာပြန်- အောင်ကျော်ကျော်

တရားမဝင်သယ်ဆောင်လာသည့် ဒွေကျပ်သိန်း ၅၀၀၀ ကျော်တန်ဖိုးရှိ ထိန်းချုပ်ဓာတုပစ္စည်းများနှင့် အခြားဓာတုပစ္စည်း ၆၃ ဒသမ ၅၅ တန်ကျော် သိမ်းဆည်းရမိ

နေပြည်တော် ဧနခဝါရီ ၁၉

ရွှေတြိဂံဒေသအတွင်းသို့ ဓာတုပစ္စည်းများ နည်းမျိုးစုံဖြင့်ဝင်ရောက်၍ မူးယစ်ဆေးဝါး ထုတ်လုပ်သယ်ဆောင် ရောင်းဝယ်မှုများမရှိစေရေးအတွက် မြန်မာ-လာအို-ထိုင်း သုံးနိုင်ငံ ပူးပေါင်း၍ တရားမဝင်သယ်ဆောင်ရောင်းဝယ်မှု၊ တရားဝင်သယ်ဆောင် ရောင်းဝယ်ခွင့်ရယူပြီး မူးယစ်ဆေးဝါးထုတ်လုပ်ရာနယ်ပယ်များသို့ တရားမဝင်သယ်ဆောင်မှုတို့ ထိန်းချုပ်ရေးကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧနခဝါရီ ၁၄ ရက် နံနက် ၇ နာရီခွဲတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် တောင်ကြီး-လွိုင်လင်သွားကားလမ်း လေးမိုင်ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် တောင်ကြီးမှ လွိုင်လင်ဘက်သို့ ဇော်ဌေးအောင်မောင်းနှင်ပြီး အာကာလိုက်ပါလာသည့် ၂၂ ဘီးတွဲယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်တွင် တရားမဝင်သယ်ဆောင်လာသော သံပီပါ အလုံး ၈၀ ဖြင့်ထည့်လျက် ဓာတုပစ္စည်း Sulfurous Dichloride ၁၂ တန် သိမ်းဆည်းရမိခဲ့သည်။

သတင်းကွင်းဆက်အရ ဧနခဝါရီ ၁၅ ရက် နံနက် ၉ နာရီခွဲတွင် အဆိုပါ လေးမိုင်ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် တောင်ကြီးဘက်မှ လွိုင်လင်ဘက်သို့ မျိုးအောင်မောင်းနှင်ပြီး ပြည့်ဖြိုးအောင်လိုက်ပါလာသော ၂၂ ဘီးတွဲယာဉ်နှင့် ရှေ့နောက်လိုက်ပါလာသည့် စည်သူအောင်မောင်းနှင်ပြီး တင်အောင်ဝင်းလိုက်ပါလာသည့် ၂၂ ဘီးတွဲယာဉ်တို့နှစ်စီးပေါ်တွင် တရားမဝင်သယ်ဆောင်လာသော ပလတ်စတစ်ပီပါ ၁၁၉ လုံးဖြင့်ထည့်လျက် ဓာတုပစ္စည်း Benzyl Cyanide ၁၇ ဒသမ ၈၅ တန်နှင့် Caustic Soda ၆ ဒသမ ၇၅ တန်တို့ကို ထပ်မံသိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိဓာတုပစ္စည်းများတာဝန်ခံသယ်ဆောင်သူ ဇော်လင်းစိုးကို ယင်းနေ့မွန်းတည့် ၁၂ နာရီတွင် တောင်ကြီး-ဟိုပုံသွားကားလမ်း ဟိုပုံးမြို့အဝင်တွင် ယာဉ်တစ်စီးနှင့် လည်းကောင်း၊ ပူးပေါင်းပါဝင်ဆောင်ရွက်သူ မြတ်သူကို မွန်းလွဲ ၃ နာရီတွင် အောင်ပန်းမြို့ မိုးကောင်းရပ်ကွက်တွင် လည်းကောင်း ဆက်လက်ဖမ်းဆီးရမိခဲ့သည်။

သိမ်းဆည်းရမိ

အလားတူ ဧနခဝါရီ ၁၅ ရက် နံနက် ၁၁ နာရီတွင် လွိုင်လင်မြို့နယ် လွိုင်လင်-တောင်ကြီးသွားကားလမ်း ဟိုတင့်ကျေးရွာအနီးတွင် လွိုင်လင်ဘက်မှ တောင်ကြီးဘက်သို့ မျိုးကျော် (ခ)အားမီ မောင်းနှင်ပြီး ရွှေမင်းဦး(ခ)ကောင်းထက် လိုက်ပါလာသည့် Fuso ၁၂ ဘီး မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်တွင် တရားမဝင်သယ်ဆောင်လာသော ဓာတုပစ္စည်း Sodium Hydrohide, Anhydrous (NaoH) ၁၄ ဒသမ ၉၅ တန် သိမ်းဆည်းရမိခဲ့သည်။

သတင်းကွင်းဆက်အရ ပူးပေါင်းအဖွဲ့သည် ဧနခဝါရီ ၁၆ ရက် နံနက် ၆ နာရီတွင် သာစည်မြို့နယ် ကျွဲတပ်ဆုံကျေးရွာရှိ စစ်ဆေးရေးစခန်းအနီးတွင် သာစည်ဘက်မှ တောင်ကြီးမြို့ဘက်သို့ ချစ်တိုင်းအောင်မောင်းနှင်ပြီး ကျော်ဇင်ခက်လိုက်ပါလာသည့် ၁၂ ဘီး ယာဉ်ပေါ်တွင် သံပီပါအလုံး ၅၀ ဖြင့်ထည့်လျက် တရားမဝင်သယ်ဆောင်လာသည့် ထိန်းချုပ်ဓာတုပစ္စည်း Toluene သုံးတန်၊ Methylamine ၄ ဒသမ ၅ တန်တို့ကို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးချက်အရ ပူးပေါင်း အဖွဲ့သည် အင်းစိန်မြို့နယ် ရွှေပြည်သာ စက်မှုဇုန်(၃) မင်းကြီးမဟာမင်းခေါင်လမ်းရှိ ဂိုဒေါင်ကို ဝင်ရောက်ရှာဖွေရာ စိုင်းခေးလှိုင်အား တွေ့ရှိပြီး ဂိုဒေါင်အတွင်း တရားမဝင် သိုလှောင်ထားရှိသည့် သံပီပါ အလုံး ၃၀ ဖြင့်ထည့်လျက် ထိန်းချုပ်ဓာတုပစ္စည်း Toluene ၄ ဒသမ ၅ တန် ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် ဒေသကာလတန်ဖိုး ဒွေကျပ်သိန်း ၅၀၀၀ ကျော်တန်ဖိုးရှိ စုစုပေါင်း ထိန်းချုပ်ဓာတုပစ္စည်းနှင့် အခြားဓာတုပစ္စည်းများ ၆၃ ဒသမ ၅၅ တန် သိမ်းဆည်းရမိခဲ့ကြောင်း စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ ဓာတုပစ္စည်းများနှင့် ထိန်းချုပ်ဓာတုပစ္စည်းများကို ရန်ကုန်တိုင်းဒေသကြီးမှ ရှမ်းပြည်နယ်(တောင်ပိုင်း)သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်းသိရှိရသဖြင့် ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

သတင်းစဉ်

တရားမဝင်သယ်ဆောင်လာသည့် ဒွေကျပ်သိန်း ၅၀၀၀ ကျော်တန်ဖိုးရှိ ထိန်းချုပ်ဓာတုပစ္စည်းများနှင့် အခြားဓာတုပစ္စည်း ၆၃ ဒသမ ၅၅ တန်ကျော် သိမ်းဆည်းရမိမှု မှတ်တမ်းဓာတ်ပုံများ

အင်းစိန်မြို့နယ်တွင် သိမ်းဆည်းရမိသည့် ထိန်းချုပ်ဓာတုပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

လွိုင်လင်မြို့နယ်တွင် သိမ်းဆည်းရမိသည့် ထိန်းချုပ်ဓာတုပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

သာစည်မြို့နယ်တွင် သိမ်းဆည်းရမိသည့် ထိန်းချုပ်ဓာတုပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

အကြမ်းဖက်သမားများက မြိုင်မြို့နယ် ကျောက်ဖူးကျေးရွာအနီးရှိ ကျောက်ဖူးမီးရထားဘူတာကို မီးရှို့ဖျက်ဆီး

နေပြည်တော် ဧနခဝါရီ ၁၉

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်၌ အကြမ်းဖက်သမားများက ကျောက်ဖူးကျေးရွာအနီးရှိ ကျောက်ဖူးမီးရထားဘူတာကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧနခဝါရီ ၁၈ ရက် ည ၈ နာရီခွဲခန့်တွင် မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် ကျောက်ဖူးကျေးရွာအနီးရှိ ကျောက်ဖူးမီးရထားဘူတာသို့ PDF အမည်ခံ အကြမ်းဖက်အဖွဲ့ အင်အား ၁၀ ဦးခန့် ရောက်ရှိလာပြီး မီးရှို့ဖျက်ဆီးခဲ့ရာ မီးလောင်မှုကြောင့် သွပ်မိုး၊ အုတ်ကာ၊ အုတ်ခင်း ဘူတာရုံအဆောက်အအုံတစ်လုံး၊ သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်း ၂ ယူနစ် ဝန်ထမ်းနေအိမ် လိုင်းခန်းအဆောက်အအုံ တစ်လုံးနှင့် ရေတင်စက်တစ်လုံးတို့ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

ထိုသို့မီးရထားဘူတာရုံအား မီးရှို့ဖျက်ဆီးသွားခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးနိုင်ရေး နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

ဘုတလင်မြို့နယ် ဗန္ဓုလရပ်ကွက်အတွင်းသို့ PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် အပြစ်မဲ့ ကလေးငယ်နှစ်ဦး ထိခိုက်ဒဏ်ရာရ

နေပြည်တော် ဧနခဝါရီ ၁၉

စစ်ကိုင်းတိုင်း ဒေသကြီး ဘုတလင်မြို့နယ် ဗန္ဓုလရပ်ကွက်အတွင်းသို့ PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် အပြစ်မဲ့ ကလေးငယ်နှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မြို့ရွာများ လုံခြုံရေးအတွက် လုံခြုံရေးလုပ်ငန်းများအား နေ့ညမပြတ် ဆောင်ရွက်လျက်ရှိစဉ် ဧနခဝါရီ ၁၈ ရက် နံနက် ၁၀ နာရီ မိနစ် ၅၀ ခန့်တွင် PDF အမည်ခံ အကြမ်းဖက်သမားများက စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ် ဗန္ဓုလရပ်ကွက်အတွင်းသို့ လက်နက်ကြီးဖြင့် လာရောက်ပစ်ခတ် တိုက်ခိုက်ခဲ့သဖြင့် နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်ခဲ့ရာ အကြမ်းဖက်သမားများ ပြန်လည်ဆုတ်ခွာသွားခဲ့သည်။

ထိုသို့ အကြမ်းဖက်သမားများက လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ရပ်ကွက်အတွင်း ရောက်ရှိနေသည့် ဘုတလင်မြို့နယ် သပြေပင်ကျေးရွာနေ မယဉ်ယဉ်ဌေး (၁၃) နှစ် (ဘ)ဦးစန်းမောင်နှင့် ၎င်း၏မောင်ဖြစ်သူ မောင်မြင့်မြတ်သူ (၁၀)နှစ်တို့တွင် ဗုံးသီးစထိမှန် ဒဏ်ရာများရရှိခဲ့ပြီး ဆေးကုသနိုင်ရေးအတွက် ဘုတလင်မြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ထားရှိကြောင်း သိရသည်။

ဖြစ်စဉ်တွင် အများပြည်သူနှင့် နိုင်ငံ့ဝန်ထမ်းများ၏ အသက်အန္တရာယ်များ ကာကွယ်စောင့်ရှောက်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဧနခဝါရီ ၁၉

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဧနခဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင်ရပ်ကွက်နေ မျိုးလှိုင်ဦးသည် ၎င်းအသုံးပြုသည့် “Myo Hlaing Oo” Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး ကညွတ်ကွင်းမြို့ကွင်းအနောက်(၂)ရပ်ကွက်နေ ချိုပြုံးသည် ၎င်းအသုံးပြုသည့် “Cho Pyaun” Facebook အကောင့်ဖြင့် အသိပေး သတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ်လူသစ် ဘဝသစ်

မော်တော်ယာဉ်ဖောင်းကြွနံပါတ်ပြားအသစ်များ ပြောင်းလဲတပ်ဆင်ရန် အများပြည်သူသို့ အသိပေးနှိုးဆော်ချက်

❖ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် မော်တော်ယာဉ် ဖောင်းကြွနံပါတ်ပြားတွင် မြို့နယ်ကိုယ်စားပြုဂဏန်းဖော်ပြချက်နှင့် မော်တော်ယာဉ်အမျိုးအမည် ဖော်ပြချက်တို့ကို ထပ်တိုးထည့်သွင်းရိုက်နှိပ်လျက် မော်တော်ယာဉ် ဖောင်းကြွနံပါတ်ပြားပုံစံအသစ်အား (၁-၇-၂၀၂၁) ရက်နေ့မှစတင်၍ မှတ်ပုံတင်မော်တော်ယာဉ်များတွင် ပြောင်းလဲတပ်ဆင်ဆောင်ရွက်ပေးလျက်ရှိပါသည်။

❖ လက်ရှိတွင် ကနဦးမှတ်ပုံတင်ယာဉ်များ၊ နယ်ဝင်/ အမည်ပြောင်း/ လိပ်စာပြောင်း/ အင်ဂျင်ပြောင်း/ ဆေးရောင်ပြောင်း/ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်ပျောက်/ မော်တော်ယာဉ် မှတ်ပုံတင်သက်သေခံလက်မှတ်ပျောက်ယာဉ်များနှင့် နှစ်လဲသက်တမ်းတိုး မော်တော်ယာဉ်များအား လုံးကို ဖောင်းကြွနံပါတ်ပြားအသစ်များ မပျက်မကွက် ပြောင်းလဲတပ်ဆင်ပေးလျက်ရှိပါသည်။

❖ မော်တော်ယာဉ်များအားလုံး ဖောင်းကြွနံပါတ်ပြားပုံစံအသစ် ပြောင်းလဲတပ်ဆင်ခြင်းအား အချိန်တိုအတွင်း မြန်ဆန်စွာ ရာနှုန်းပြည့်ပြီးစီးစေရေးအတွက် နိုင်ငံပိုင်ဌာနဆိုင်ရာယာဉ်များ၊ အဝေးပြေးခရီးသည်တင်ယာဉ်များ၊ မြို့တွင်းခရီးသည်တင်ယာဉ်လိုင်းများ၊ တက္ကစီယာဉ်များ၊ ကုန်တင်ယာဉ်များအားလုံး သည် (၃၁-၃-၂၀၂၃) ရက်နေ့အပြီး သက်ဆိုင်ရာကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများနှင့် ဆက်သွယ်၍ ဖောင်းကြွနံပါတ်ပြားအသစ်များ ပြောင်းလဲတပ်ဆင်ကြရန်ဖြစ်ပါသည်။

❖ ထို့ပြင် ပုဂ္ဂလိကမော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် နှစ်လဲသက်တမ်းတိုးချိန်တွင်ဖြစ်စေ၊ သက်တမ်းတိုးချိန်မတိုင်မီဖြစ်စေ သက်ဆိုင်ရာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများနှင့် ဆက်သွယ်၍ ဖောင်းကြွနံပါတ်ပြားအသစ်များ အမြန်ပြောင်းလဲတပ်ဆင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု) ညောင်တုန်းမြို့ ဆားမလောက်ကျေးရွာရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၁၉

ဧရာဝတီတိုင်းဒေသကြီး ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြစ်ဝကျွန်းပေါ်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် တပ်မတော်နယ်လှည့် အထူးကုဆေးအဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု) တို့သည်ယနေ့တွင်ညောင်တုန်းမြို့နယ်ဆားမလောက်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၁၀၉၆ ဦးကို ၎င်းကျေးရွာ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာ ရောဂါ ၅၂ ဦး၊ ခွဲစိတ်ရောဂါ ၇၉ ဦး၊ သားဖွား/ မီးယပ်ရောဂါ ၈၉ ဦး၊ ကလေးရောဂါ ၅၅ ဦး၊ အရိုးရောဂါ ၁၄၁ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၈၀၊ မျက်စိရောဂါ ၇၈ ဦးနှင့် သွားရောဂါ ၅၃ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့ပြင် အထွေထွေခွဲစိတ်လူနာ ၂၂ ဦးနှင့် မျက်စိခွဲစိတ်လူနာ ၁၉ ဦးတို့ကို ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဓာတ်မှန်ရိုက်လူနာ ၄၃ ဦး၊ တယ်လီဗီးရှင်းဓာတ်မှန်ရိုက်လူနာ ၅၂ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၉၈ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၁၀၅ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွှန့်ဝင်းဆွေနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး တပ်မတော်နယ်လှည့် အထူးကုဆေးအဖွဲ့အတွက် စားသောက်ဖွယ်ရာနှင့် ချီးမြှင့်ငွေများပေးအပ်ကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

တရုတ်နှစ်သစ်ကူးအကြိုကာလတွင် မန္တလေးဈေးကွက်အတွင်း၌ ဆီထွက်သီးနှံများဖြစ်သည့် နှမ်းနှင့် မြေပဲလုံးဆန်များ ဈေးကောင်းရရှိနေ

မန္တလေး ဇန်နဝါရီ ၁၉

တရုတ်နှစ်သစ်ကူး အကြိုကာလတွင် မန္တလေးဈေးကွက်အတွင်း၌ ဆီထွက်သီးနှံများဖြစ်သည့် နှမ်းနှင့် မြေပဲလုံးဆန်များ ဈေးနှုန်းမြင့်တက်ကာ ဈေးကောင်းရရှိနေကြောင်း မန္တလေးပဲကုန်သည်များထံမှ သိရသည်။

အဆိုပါ ဆီထွက်သီးနှံများသည် တရုတ်နှစ်သစ်ကူးအကြိုကာလ၌ ဈေးကွက်အတွင်း အရောင်းအဝယ်များ ကောင်းနေကြောင်း၊ ပြီးခဲ့သည့်နှစ်အချိန်တွင် မြေပဲလုံးဆန် တစ်ပိဿာလျှင် ငွေကျပ် ၃၃၀၀၊ စမုန်နက်နှမ်း သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၈၅၀၀၀ ဈေးရှိခဲ့ရာမှ ယခုနှစ်တွင် မြေပဲလုံးဆန် တစ်ပိဿာလျှင် ငွေကျပ် ၆၈၀၀ ဈေးနှုန်းနှင့် စမုန်နက်နှမ်း သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀၀ ဈေးနှုန်းတို့ဖြင့် ဈေးကောင်းများရရှိကာ အရောင်းအဝယ်များ ဖြစ်နေကြောင်း မန္တလေးမြို့ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောသည်။

"ဒီနှစ်ဟာ တရုတ်-မြန်မာ ကုန်သွယ်ရေးနယ်စပ်ဂိတ်ဖွင့်တဲ့ အချိန်နဲ့ တရုတ်နှစ်သစ်ကူးအကြို ကာလနဲ့ တိုက်ဆိုင်တဲ့နှစ်ဖြစ်ပါတယ်။ ကိုဗစ်ကာလကြောင့် ဂိတ်ကို သုံးနှစ်လောက်ပိတ်ထားခဲ့ပြီး ခုချိန်မှာ ပြန်ဖွင့်လာပါပြီ။ နှစ်ကူးနေတဲ့အချိန်မှာ ပိတ်ရက်တွေရှိနေတာကြောင့် ခုချိန်ကစပြီး ကြိုတင်ဝယ်ယူမှုတွေ များပြားလာတာကို တွေ့ရှိရတယ်။ ခုချိန်မှာ ယခင်နှစ်နဲ့ နှိုင်းယှဉ်ရင် အရောင်းအဝယ်တွေမှာ ဆီထွက်သီးနှံတွေ ပိုမိုပြီး တော့ ဝယ်ယူမှုတွေ များပြားလာတာကိုတွေ့ရှိရပါတယ်။ ဈေးနှုန်းတွေလည်း တက်လာပါတယ်။ ဒီနှစ် တရုတ်နှစ်သစ်ကူးနှစ်ဟာ ဆိုရင် တရုတ်ပြက္ခဒိန်နှစ်အရ ယုန်နှစ်ဖြစ်တာကြောင့် အရောင်းအဝယ်တွေ ပိုမိုကောင်းမွန်လာမယ်လို့ ကုန်သည်တွေက ခန့်မှန်းကြပါတယ်။ အခြားဆီထွက်သီးနှံများဖြစ်တဲ့ ပန်းနှမ်း၊ နေကြာ၊ မုန်ညင်းစေ့၊ ပဲပုပ်စေ့တွေကလည်း အရောင်းအဝယ်တွေ ကောင်းနေပါတယ်"ဟု ၎င်းက ပြောသည်။

မန္တလေးဈေးကွက်၌ ယခု ရက်ပိုင်းအတွင်း တရုတ်ပြည် ပို့ကုန်များဖြစ်သော ပြောင်းဖူးစေ့ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၆၁၀၀၀၊ ပဲတီစိမ်း သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၄၀၀၀၀၊ ပဲလွမ်းအနီ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၀၀၀၀၀၊ ပဲလွမ်းဖြူ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၂၈၀၀၀ နှင့် မြေထောက်ပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၃၇၀၀၀ ဈေးတို့ဖြင့် အရောင်းအဝယ်ဖြစ်နေကြကြောင်း သိရသည်။

မင်းထက်အောင် (မန်းကိုယ်ပွား)

လှည်းကူးမြို့နယ်၌ နိုင်ငံစီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် ပဲတီစိမ်းနှင့် နွေစပါး စီမံကိန်းတွင်ပါဝင်သော တောင်သူများအား သွင်းအားစုများဖြန့်ဖြူး

လှည်းကူး ဇန်နဝါရီ ၁၉

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်တွင် နိုင်ငံစီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ပဲတီစိမ်းနှင့် နွေစပါးစိုက်စီမံကိန်းတွင် ပါဝင်သော တောင်သူများအား သွင်းအားစုများ ဖြန့်ဖြူးခြင်းကို လှည်းကူးမြို့နယ် သနပ်ပင်ကျေးရွာတွင် ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

ထို့နောက် မြို့နယ်အဆင့် လုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးရဲထွန်းနောင်နှင့် အဖွဲ့ဝင်များက ကွင်းဆင်း၍ ကြီးကြပ်ဆောင်ရွက်ခဲ့ပြီး ပဲတီစိမ်းနှင့် နွေစပါးစီမံကိန်းတွင်ပါဝင်သော တောင်သူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ သွင်းအားစုဖြန့်ဖြူးရေးအဖွဲ့နှင့် အကျိုးဆောင်ကုမ္ပဏီတို့မှ တာဝန်ခံများက သနပ်ပင်ကျေးရွာနှင့် ဝါးရုံစွန်းကျေးရွာတို့မှ တောင်သူ ၅၇ ဦးအား ပဲတီစိမ်းနှင့် နွေစပါး စီမံကိန်းစိုက်ပျိုးမည့် ၄၅၄ ဧကအတွက် ကောမတ်ဂျီ-၄၆ မြေဩဇာ ၉၀၈ အိတ်ကို ဖြန့်ဖြူးပေးခဲ့ကြောင်း သိရသည်။

ဉာဏ်ဟိန်း

မလှိုင်မြို့၌ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးဟောပြော

မလှိုင် ဇန်နဝါရီ ၁၉

မလှိုင်မြို့နယ် ပန်းအိုင်ကျေးရွာအုပ်စု အခြေခံပညာအထက်တန်းကျောင်းတွင် ယမန်နေ့ နံနက်ပိုင်းက ကျောင်းသား ကျောင်းသူများအား မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေး ဟောပြောပွဲကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါဟောပြောပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထက်က မူးယစ်ဆေးဝါးအန္တရာယ် အကြောင်း၊ မူးယစ်ဆေးသုံးစွဲခြင်းဖြင့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးများ ထိခိုက်ပျက်စီးနိုင်သဖြင့် ကျောင်းသား ကျောင်းသူများအနေဖြင့် မူးယစ်ဆေးမသုံးစွဲရန် အသိပညာပေး ဟောပြောခဲ့ပြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့မှ ထုတ်ပြန်သော အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေး မူဝါဒ၊ မဟာဗျူဟာ(၂)ရပ်၊ နည်းဗျူဟာ (၃)ရပ်၊ မူးယစ်ဆေးဝါးပြဿနာနှင့် ဖွံ့ဖြိုးတိုးတက်ရေး အကြောင်းအရာပါ လက်ကမ်းစာစောင်များကို မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး တပ်ဖွဲ့ဝင်များက ဦးဆောင်၍ ကျောင်းသား ကျောင်းသူ ၅၀၀ တို့အား အခမဲ့ပေးဝေခဲ့ကြောင်း သိရသည်။

မြထွန်း(မလှိုင်)

ကျောက်တော်မြို့နယ်၌ ကျေးရွာချင်းဆက်ကျောက်ချောလမ်းခင်း

စစ်တွေ ဇန်နဝါရီ ၁၉

နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်၊ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ကျောက်တော်မြို့နယ် သရက်တပင် - ဂုပ္ပီထောင့်လမ်း ၁၃ မိုင်အနက် ကျောက်ချောလမ်း ၂ မိုင် ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးခဲ့သည်။

အဆိုပါကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံ ငွေကျပ် ၃၅၄ ဒသမ ၁၉၇ သန်းဖြင့် အကျယ် ၁၂ ပေ၊ ဒု ၁၂ လက်မ လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအား မြောက်ဦးခရိုင် ဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဌေးနှင့် တာဝန် ရှိသူများသည် ယမန်နေ့က ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ခရိုင်(ပြန်/ဆက်)

မြန်မာ့ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး မြန်မာ့ခရီးသွားပြပွဲ ၂၀၂၃ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၉

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များ အသင်းက ကြီးမှူး၍ မြန်မာ့ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး ရည်ရွယ်ချက်ဖြင့် မြန်မာ့ခရီးသွားပြပွဲ ၂၀၂၃ ကို ဇန်နဝါရီ ၂၇ ရက်မှ ၂၉ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ဝန်ကြီးများရုံး၌ ဝင်ကြေးအခမဲ့ဖြင့် ကျင်းပမည်ဖြစ်သည်။

ပါဝင်ပြသသွားမည်

အဆိုပါပြပွဲတွင် လေကြောင်းလိုင်းများ၊ ဟိုတယ်များ၊ စားသောက်ဆိုင်များ၊ ဆေးရုံများ၊ အာမခံလုပ်ငန်းများ၊ အမှတ်တရပစ္စည်းဆိုင်များ၊ လက်မှုပစ္စည်းအရောင်းဆိုင်များ၊ ပြည်တွင်း ထွက်ဒေသထုတ်ကုန်များ၊ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သည့်လုပ်ငန်းများနှင့် တာဝန်ယူမှု အပြည့်ရှိသော လိုင်စင်ရခရီးသွားကုမ္ပဏီများ အပါအဝင် ပြခန်းပေါင်း ၅၀ ခန့် ပါဝင်ပြသသွားမည်ဖြစ်သည်။

ပြပွဲတွင် ပြည်တွင်း ပြည်ပခရီးစဉ်များ၊ လေယာဉ်လက်မှတ်များကို အထူးဈေးနှုန်းဖြင့် ခရီးသွားအေဂျင်စီများထံတွင် ဝယ်ယူရရှိနိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းသည် မြန်မာနိုင်ငံ၏ နိုင်ငံတကာ ခရီးသွားပြပွဲကို ခုနစ်ကြိမ်တိုင် ကျင်းပခဲ့သည်။

မျိုးမင်းသူရ

ဒဂုံတက္ကသိုလ်၌ စီမံခန့်ခွဲမှုဆိုင်ရာအသိပညာပေးဟောပြောပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၉

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်ရှိ ဒဂုံတက္ကသိုလ်၌ From Students to Professional နှင့် Management Skills for Senior Academic Leaders ခေါင်းစဉ်များဖြင့် စီမံခန့်ခွဲမှုဆိုင်ရာအသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၉ နာရီက ဒဂုံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဟောပြောပွဲအခမ်းအနားတွင် ဒဂုံတက္ကသိုလ်ကျောင်းသား ကျောင်းသူများက ဂုဏ်ရှိန်ဝင်းပဒဂုံတက္ကသိုလ်အလှ သီချင်းဖြင့် သီဆိုဖွင့်လှစ်၍ ဒဂုံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသာထွန်းမောင်က အဖွင့်အမှာစကား ပြောကြားပြီး ဒုတိယပါမောက္ခချုပ်ဒေါက်တာ ထိပ်တင်ဟန်က ဆရာကြီး ဦးအေးကျော်၏ အတ္ထုပ္ပတ္တိကို ဖတ်ကြားပေးသည်။

အဆိုပါဟောပြောပွဲတွင် Founder and Principal at Myanmar Leadership and Management Institute မှ ဆရာကြီး ဦးအေးကျော်က ကျောင်းသား ကျောင်းသူများ အတွက် From Students to Professional ခေါင်းစဉ်နှင့် ပါမောက္ခ၊ တွဲဖက်ပါမောက္ခ၊ ဘာသာရပ်အသီးသီးမှ ဌာနမှူး ဆရာ ဆရာမများအတွက် Management Skills for Senior Academic Leaders ခေါင်းစဉ်တို့ဖြင့် ဟောပြောခဲ့ပြီး ဒုတိယပါမောက္ခချုပ် ဒေါက်တာ ထိပ်တင်ဟန်က ဆရာကြီး ဦးအေးကျော်အား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ဟောပြောပွဲသို့ ဒဂုံတက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ တွဲဖက်ပါမောက္ခများ၊ ဘာသာရပ်ဌာနခွဲအသီးသီးမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ဝင်းအိမွန်(ပြန်/ဆက်)

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၀-၁-၂၀၂၃

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိး	တောင်ကြီး	လွိုင်ကော်	ဟားခါး	ကျိုင်းတုံ
92 Ron	၂၂၀၀	၂၂၅၀	၂၂၄၀	၂၂၁၀	၂၂၄၅	၂၂၇၀	၂၂၅၅	၂၂၃၀	၂၃၃၀	၂၃၄၅	၂၂၄၀	၂၂၅၀	၂၂၈၅	၂၂၈၅	၂၂၉၀	၂၅၁၅	၂၉၀၀
95 Ron	၂၂၇၅	၂၃၂၅	၂၃၂၅	၂၂၈၅	၂၃၂၅	၂၃၄၅	၂၃၃၀	၂၃၁၀	၂၄၀၅	၂၄၂၅	၂၃၁၅	၂၃၃၀	၂၃၆၀	၂၃၆၀	၂၃၆၅	၂၅၉၅	၂၉၈၀
HSD (500 ppm)	၂၄၂၀	၂၄၇၀	၂၄၇၀	၂၄၃၀	၂၄၇၀	၂၄၉၅	၂၄၉၀	၂၄၅၅	၂၅၇၅	၂၅၇၀	၂၄၆၀	၂၄၇၅	၂၅၀၅	၂၅၁၀	၂၅၁၀	၂၇၄၀	၃၅၀၀
HSD (50 ppm)	၂၅၀၀	၂၅၅၀	၂၅၅၀	၂၅၁၀	၂၅၅၀	၂၅၇၅	၂၅၇၀	၂၅၃၅	၂၆၅၅	၂၆၅၀	၂၅၄၀	၂၅၅၅	၂၅၈၅	၂၅၉၀	၂၅၉၀	၂၈၂၀	၃၅၃၀
HSD (10 ppm)	၂၅၀၀	၂၅၅၀	၂၅၅၀	၂၅၁၀	၂၅၅၀	၂၅၇၅	၂၅၇၀	၂၅၃၅	၂၆၅၅	၂၆၅၀	၂၅၄၀	၂၅၅၅	၂၅၈၅	၂၅၉၀	၂၅၉၀	၂၈၂၀	၃၅၃၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၀၈၈	၂၁၆၄
95 Ron	၂၁၆၃	၂၂၃၉
HSD (500 ppm)	၂၃၀၇	၂၃၈၃
HSD (50 ppm)	၂၃၈၁	၂၄၅၈
HSD (10 ppm)	၂၃၈၁	၂၄၅၈

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေး တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

❍ အခြေခံပညာကျောင်းမှ

ပြေးခုန်ပစ်အားကစားပြိုင်ပွဲ ဒုတိယနေ့တွင် အမျိုးသား အလျားခုန်ပြိုင်ပွဲ၊ အမျိုးသမီး အလျားခုန်ပြိုင်ပွဲ၊ အမျိုးသမီး မိတာ ၃၀၀ အပြေးပြိုင်ပွဲနှင့် အမျိုးသား သံလုံး ပစ်ပြိုင်ပွဲ၊ အမျိုးသား မိတာ ၈၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသမီး မိတာ ၈၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသမီးအမြင့်ခုန်ပြိုင်ပွဲများကိုကျင်းပကြရာ အမျိုးသား အလျားခုန်ပြိုင်ပွဲတွင် မောင်အောင်မင်းမြတ်(တနင်္သာရီ)က ပထမ၊ မောင်ဇော်မင်းနိုင်(ရန်ကုန်)က ဒုတိယ၊ မောင်ခိုင်ဇော်ဟိန်း(ရခိုင်)က တတိယ ရရှိကြသည်။ အမျိုးသမီး အလျားခုန်ပြိုင်ပွဲတွင် မကျော့ကေခိုင်(ဧရာဝတီ) က ပထမ၊ မခင်ပြည့်စုံ(ပဲခူး) ကဒုတိယ၊ မခင်စိုးစိုးလှိုင်(ရခိုင်)က တတိယရရှိကြသည်။

ထို့ပြင်အမျိုးသမီး မိတာ ၃၀၀၀ အပြေးပြိုင်ပွဲတွင် မအိအိဝိုင်း(တနင်္သာရီ)က ပထမ၊ မလှိုင်လှိုင်မြင့် (ရှမ်း) က ဒုတိယ၊ မမြတ်သဇင်(မကွေး) က တတိယ ရရှိကြသည်။

အမျိုးသား သံလုံးပစ်ပြိုင်ပွဲတွင် မောင်ရဲရင့်အောင်(မကွေး)က ပထမ၊ မောင်သန်းထိုက်မိုး(ပဲခူး)က ဒုတိယ၊ မောင်ထွန်းလွင်ဦး(နေပြည်တော်) က တတိယဆုများ ရရှိကြပြီး အမျိုးသား မိတာ ၈၀၀ အပြေးပြိုင်ပွဲတွင် မောင်သက်အောင် (မန္တလေး)က ပထမ၊ မောင်နက်ရှိုင်း (တနင်္သာရီ) က ဒုတိယ၊ မောင်ထက်စိုးခန့် (ကရင်)က တတိယရရှိကြသည်။

အမျိုးသမီး မိတာ ၈၀၀ အပြေးပြိုင်ပွဲတွင် မနန်းရွှေနု(ရှမ်း)က ပထမ၊ မအိမ်မျိုးမြတ် (တနင်္သာရီ)က ဒုတိယ၊ မအိအိမွန်(မကွေး)က တတိယ ရရှိကြသည်။ အမျိုးသမီးအမြင့်ခုန် ပြိုင်ပွဲတွင် မမြတ်နိုင်သူ(တနင်္သာရီ)က ပထမ၊ မနန်းဆီလာ(ရှမ်း)က ဒုတိယ၊ မဇင်မာမြင့်(ရန်ကုန်)၊ မခင်ရတနာအောင်(မန္တလေး)နှင့် မမိုးမိုးသူ(ရခိုင်)တို့က ပူးတွဲတတိယ ရရှိကြသည်။

ပြိုင်ပွဲများအပြီးတွင် အားကစားနှင့်ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ အခြေခံပညာဦးစီးဌာနညွှန်ကြားရေးမှူးဒေါ်နော်သီသီထူး၊ကျောင်းသားအားကစားပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီအတွင်းရေးမှူး ဦးကိုကိုဌေး၊ ပြေးခုန်ပစ်ပြိုင်ပွဲ ကျင်းပရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးဌေးလွင်၊ ပြေးခုန်ပစ်ပြိုင်ပွဲကျင်းပရေးကော်မတီ အဖွဲ့ဝင် ဦးစံမောင်၊ ပြေးခုန်ပစ်ပြိုင်ပွဲကျင်းပရေးကော်မတီ အတွင်းရေးမှူး ဦးစိုင်းထွန်းအောင်ကျော်၊ မြန်မာ့လက်ရွေးစင်ဟောင်း ရွှေတံဆိပ်များရှင် ဝဏ္ဏကျော်ထင် ဒေါ်ဂျနီဖာတင်လေးတို့က ဆုများ ချီးမြှင့်ပေးကြသည်။

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင် ပြေးခုန်ပစ်အားကစားပြိုင်ပွဲ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ Boxing အားကစားခန်းမ၌ ကျင်းပသည့် အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲတွင် မွန်က နေပြည်တော်ကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ကရင်က မန္တလေးကို နှစ်ပွဲ- တစ်ပွဲဖြင့်လည်းကောင်း၊ ရခိုင်က ပဲခူးကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ စစ်ကိုင်းက မကွေးကို နှစ်ပွဲ- တစ်ပွဲဖြင့်လည်းကောင်း၊ တနင်္သာရီက ကချင်ကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ဝဏ္ဏသိဒ္ဓိအားကစားကွင်း(B)ရုံတွင် ကျင်းပသည့်အမျိုးသမီးဘော်လီဘောပွဲစဉ်တွင် ကရင်က နေပြည်တော်ကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ မန္တလေးက ရန်ကုန်ကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ စစ်ကိုင်းက ကချင်ကို သုံးပွဲ- နှစ်ပွဲဖြင့်လည်းကောင်း အနိုင်ရရှိကြပြီး အမျိုးသားဘော်လီဘောပွဲစဉ်တွင် ဧရာဝတီက ပဲခူးကို သုံးပွဲ- တစ်ပွဲဖြင့် လည်းကောင်း၊ စစ်ကိုင်းက မကွေးကို သုံးပွဲ - တစ်ပွဲဖြင့်လည်းကောင်း၊ ရခိုင်က မွန်ကို သုံးပွဲပြတ်ဖြင့် လည်းကောင်း အနိုင်ရရှိကြသည်။

အမျိုးသားဘောလုံးပြိုင်ပွဲတွင် ကချင်က မွန်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊ မကွေးက ရခိုင်ပြည်နယ်အား တစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ ရန်ကုန်က ပဲခူးကို သုံးဂိုး- ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိကြပြီး အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ကရင်ပြည်နယ်က မန္တလေးကို ၁၃ ဂိုး - တစ်ဂိုးဖြင့်လည်းကောင်း၊ ရှမ်းက စစ်ကိုင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊ ဧရာဝတီက ရန်ကုန်ကို နှစ်ဂိုး- ဂိုးမရှိဖြင့် လည်းကောင်း အနိုင်ရရှိကြသည်။

ဇန်နဝါရီ ၂၀ ရက်တွင် ပြေးခုန်ပစ် တတိယနေ့ပြိုင်ပွဲများနှင့် ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း (အမျိုးသား၊ အမျိုးသမီး) အုပ်စုပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ သတင်းစဉ်

ကရင်ပြည်နယ်အတွင်းရှိ ကျေးရွာပေါင်း ၉၁ ရွာတွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်မှု ၉၅ ရာခိုင်နှုန်းပြီးစီး

နေပြည်တော် ဇန်နဝါရီ ၁၉

ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း(VDP)ဖြင့် ကရင်ပြည်နယ်အတွင်းရှိ ကျေးရွာပေါင်း ၉၁ ရွာတွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၉၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်မှာ ဘားအံ၊ လှိုင်းဘွဲ့၊ သံတောင်ကြီး၊ ကြာအင်းဆိပ်ကြီးနဲ့ ကော့ကရိတ် မြို့နယ် ငါးခုမှာရှိတဲ့ ကျေးရွာပေါင်း ၉၁ ရွာကို ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(VDP) ထောက်ပံ့ရန်ပုံ ငွေကျပ်သန်း ၉၁၈၊ ပြည်သူထည့်ဝင်ငွေကျပ် ၄၇၃ ဒသမ ၅၉ သန်း စုစုပေါင်း ငွေကျပ် ၁၃၈၃ ဒသမ ၅၉ သန်းနဲ့ ကျေးရွာအဝင်လမ်းနဲ့ ကျေးရွာတွင်းလမ်းတွေကို အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ၅၇ ခု၊ တံတားပြုပြင်တည်ဆောက်ခြင်းလုပ်ငန်း တစ်ခု၊ ကျေးလက်ရေပေးရေးလုပ်ငန်း ၁၁ ခု၊ ကျေးလက် မီးလင်းရေးလုပ်ငန်း ကိုးခု၊ ဘက်စုံသုံးခန်းမတည် ဆောက်ခြင်းလုပ်ငန်း ကိုးခု၊ ကျေးရွာစာကြည့်တိုက် တည်ဆောက်ခြင်း လုပ်ငန်းတစ်ခု၊ အခြားဖွံ့ဖြိုးရေးလုပ်ငန်းသုံးခုကို အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ ကျွန်တော်တို့ဌာနအနေနဲ့ နည်းပညာပံ့ပိုးကူညီတဲ့အပြင် အနီးကပ်ကြီးကြပ်ပြီး ကျေးရွာသူကျေးရွာသားတွေ ကိုယ်တိုင် ပါဝင်ဆောင်ရွက်ခဲ့တာကြောင့် အခုဆိုရင် ၉၅ ရာခိုင်နှုန်း ဆောင်ရွက် ပြီးစီးပြီဖြစ်ပါတယ်"ဟု ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးရန် မျိုးနိုင်က ပြောသည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းများကို ကျေးလက်နေ ပြည်သူများကိုယ်တိုင် ကျေးရွာ၏ ပကတိလိုအပ်ချက်များကို ဖော်ထုတ်ပြီး ဦးစားပေး စီမံချက်များရေးဆွဲဖော်ထုတ်နိုင်စေရန်၊ ဦးစားပေးစီမံချက်များပေါ် အခြေခံ၍ နှစ်စဉ်ရန်ပုံငွေများ လျာထားပြီး စီမံချက်လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန်နှင့် စီမံချက်လုပ်ငန်းများအား မြို့နယ်အဆင့် ဦးစီးဌာနများမှ ဖွံ့ဖြိုးရေးအစီအစဉ်များနှင့် ချိတ်ဆက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကရင်ပြည်နယ်အတွင်း ၂၀၂၁-၂၀၂၂ခြောက်လဘဏ္ဍာရေးနှစ်တွင် မြို့နယ် သုံးမြို့နယ် အတွင်းရှိ ကျေးရွာ ၁၈ ရွာ၌ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း ၁၈ ခုကို ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းထောက်ပံ့ရန်ပုံငွေကျပ် သန်း ၁၈၀၀ ၊ ပြည်သူထည့်ဝင်ငွေကျပ် ၅၂ ဒသမ ၁၆၅ သန်းဖြင့် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။ သတင်းစဉ်

☆ ကျောဖုံးမှ

ပုံမှန်စိန်ခေါ်ပွဲ သို့မဟုတ် ချန်ပီယံစိန်ခေါ်ပွဲ ထိုးသတ်ခွင့်ရမရ ONE Championship အဖွဲ့အစည်းက ထပ်မံထုတ်ပြန်မည်ဖြစ်သည်။ အောင်လအန်ဆန်သည် လာမည့်ပွဲအတွက် လက်မှတ်ရေးထိုးပြီးဖြစ်ကြောင်း အသိပေးခဲ့သော်လည်း ပြိုင်ဘက်ကစားသမား ထိုးသတ်မည့်ရက်နှင့် ကမ္ဘာ့ချန်ပီယံစိန်ခေါ်ပွဲ ထိုးသတ်ရခြင်းရှိ၊ မရှိကိုမူ ONE Championship အဖွဲ့အစည်းက သတင်းထုတ်ပြန်သွားမည်ဖြစ် သည်။ အောင်လအန်ဆန်သည် ကစားသမားဘဝမှ အနားမယူမီ မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆု ပြန်လည်ရယူနိုင်ရန် ပစ်မှတ်ထား နေခြင်းဖြစ်ပြီး အားထုတ်ကြိုးပမ်းလျက်ရှိသည်။ အောင်လအန်ဆန်သည် နိုဝင်ဘာ ၁၉ ရက်က ထိုးသတ်သည့်ပွဲတွင် ဂျပန်နိုင်ငံသား အိုကာမီ၊ ဇန်နဝါရီ ၁၄ ရက်ကထိုးသတ်သည့်ပွဲတွင် ဘရာဇီးနိုင်ငံသား ဂယ်ဗိုတို့ကို ပထမအချီမှာပင် ဒိုင်ပွဲရပ်ဖြင့် အနိုင်ရထားသည်။

ဦးတည်ကြိုးပမ်း

အောင်လအန်ဆန်သည် ONE Championship ၏ ဝိတ်တန်းနှစ်ခု ကမ္ဘာ့ချန်ပီယံဟောင်းတစ်ဦးဖြစ်ပြီး မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံအဖြစ် ၂၀၁၇ ခုနှစ် ဇွန် ၃၀ ရက်မှ ၂၀၂၀ ပြည့်နှစ်အောက်တိုဘာ ၃၀ ရက်အထိ လိုက်ဟဲဒီဝိတ်တန်း ကမ္ဘာ့ချန်ပီယံအဖြစ် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်မှ ၂၀၂၁ ခုနှစ် ဧပြီ ၂၈ ရက်အထိ ရပ်တည်နိုင်ခဲ့ပြီး ချန်ပီယံခါးပတ်နှစ်ခုစလုံးကို နယ်သာလန်နိုင်ငံသား ဒီရစ်ဒါကို အရေးနိမ့်ပြီး လက်လွှတ်ခဲ့ရခြင်းဖြစ်သည်။ အောင်လအန်ဆန်သည် ကမ္ဘာ့ချန်ပီယံခါးပတ် နှစ်ခုစလုံး လက်လွှတ်ခဲ့ရပြီးနောက် မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုကိုသာ ပြန်လည်ရယူနိုင်ရန် ဦးတည်ကြိုးပမ်းနေခြင်း ဖြစ်သည်။ သတင်း-ကိုညီလေး

ဓာတ်ပုံ-အောင်လအန်ဆန်ဖေ့စ်ဘွတ်

ရပ်စောက်မြို့နယ်၌ ကျေးလက်ရေရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုစစ်ဆေး

ရပ်စောက် ဇန်နဝါရီ ၁၉

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက Unicef နှင့် ပူးပေါင်းကာ ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေများရရှိစေရန် ရည်ရွယ်၍ ကျေးလက်ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကျောက်ကူကျေးရွာအုပ်စု ကွန်ဟိန်းကျေးရွာ၌ ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ရပ်စောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဌာနဦးစီးမှူး ဦးရေးရယ်နှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများသည် ကျေးလက်ရေရှိရေးအတွက် ကွန်ဟိန်း ကျေးရွာတွင် အရှည် လေးဖာလုံရှိ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းနှင့် အရှည်တစ်မိုင်ရှိ အိမ်သွယ်ရေတိုင်စနစ် တပ်ဆင်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ကွန်ဟိန်းကျေးရွာတွင် အဆိုပါရေရရှိရေးလုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၃ ဒသမ ၁၂၂ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၁၀ ဒသမ ၃၇၈ သန်းကို အသုံးပြုကာ ဦးစီးဌာနမှ အင်ဂျင်နီယာများနှင့် ကျေးရွာသူ ကျေးရွာသားများပူးပေါင်းကာ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ပထမပတ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး၏ ၉၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ ၂၂၂

ဤ "ဗုဒ္ဓအကြောင်း သိကောင်းစရာမှတ်တမ်း" စာအုပ်သည် ဗုဒ္ဓဘာသာဝင်တိုင်း သိသင့်သိထိုက်သော ဗုဒ္ဓအကြောင်း မှတ်တမ်းတင်ခြင်းကို ရေးသားထားခြင်း ဖြစ်ပါသည်။ အစမှအဆုံးအထိ ဖတ်ကြည့်သောအခါ ဗုဒ္ဓဝင် ဖြစ်ပါသည်။ ဤစာအုပ်သည် မြတ်ဗုဒ္ဓ၏ သန္ဓေယူသည်မှ ပရိနိဗ္ဗာန်စံသည်(တေဇောဓာတ် လောင်ကျွမ်းခြင်း) အထိ စုဆောင်းဖော်ပြရေးသားထားပါသည်။ မကျဉ်းမကျယ်သော ဗုဒ္ဓအကြောင်း ဖြစ်ပါသည်။ စာရေးသူက တိုတိုနှင့်လိုရင်းသို့ရောက်အောင် ရေးပြထားပါသည်။ (စာတည်း)

ဗုဒ္ဓအကြောင်းသိကောင်းစရာမှတ်တမ်း

ဆရာကြည်

(၂၁-၁၂-၂၀၂၂ ရက်နေ့မှအဆက်)

ထို့နောက် ဘုရားရှင်သည် အရှေ့နှင့်အနောက် စကြဝဠာတိုက် အလျားတစ်သောင်းရှိ အနံတစ်ဆယ်ယူဇနာရှိသည့် ရတနာစင်္ကြံကြီးကို ဖန်ဆင်းတော်မူလေသည်။ ဘုရားရှင်သည် ထိုစင်္ကြံပေါ် ကြွမြန်းတော်မူသည်။ လူပရိသတ်တို့သည် အရှေ့၊ အနောက်၊ ဝဲယာ တစ်ဆယ့်နှစ်ယူဇနာမျှစီ ရှိလေသည်။ နတ်ဗြဟ္မာအပေါင်းတို့သည်လည်း အပိုင်းအခြားမရှိ များပြားလှပေသည်။

ဘုရားရှင်သည် များပြားလှသောလူနတ်ဗြဟ္မာ အပေါင်းတို့၏ အလယ်ကောင်းကင်၌ ရပ်တော်မူသည်။ ထို့နောက် ရေမီးအစုံ ယမိုက်ပြာဋ္ဌိဟာကို ပြရန် စတုတ္ထစျာန်ကို ဝင်စားတော်မူလေသည်။ ဘုရားရှင်သည် ပထမမီးလျှံကိုဖြစ်သော တေဇောကသိုဏ်းကို အာရုံပြု၍လည်းကောင်း၊ ရေအယာဉ်ဖြစ်သောဌာ အာပေါကသိုဏ်းကိုလည်းကောင်း၊ အရိုန်အဝါနှင့် ရောင်ခြည်ခြောက်သွယ်ဖြစ်စေသော နီဟာဒီကသိုဏ်းကိုလည်းကောင်း စသည်တို့ကို အာရုံပြု၍ စတုတ္ထစျာန်ကို ဝင်စားတော်မူလေသည်။ ဘုရားရှင်သည် ကပိလဝတ်ပြည်၌ ဆွေတော်မျိုးတော်များအား မာနချိုးနှိမ်ရန် ရေမီးအစုံ ယမိုက်ပြာဋ္ဌိဟာကို ပြသကဲ့သို့ ရတနာစင်္ကြံထက်၌ စင်္ကြံကြွတော်မူလျက်ပင် ပြတော်မူလေသည်။

ကိုယ်တော်မှထွက်သော မီးလျှံများသည် ဘဝဂ်တိုင်အောင် တပြောင်ပြောင်တက်၍ ကိုယ်တော်မှထွက်သော ရေအယာဉ်သည်လည်း တသွင်သွင် ယိုစီးဖြာလျက် ကြီးမားသောရေယာဉ်ဖြစ်လာလေသည်။ ယင်းသို့ ရေမီးအစုံတို့သည် တသွင်သွင်ပြောင်းလဲ၍ အဆင်ကွဲသဖြင့် အံ့သြ၍မကုန် ရှုမဝဖြစ်ကုန်ကြသည်။ ယင်းသို့တန်ခိုးပြာဋ္ဌိဟာ ပြနေစဉ်တွင် ဘုရားရှင်သည် လောကဝိဝရဏ (လောကကြီးကိုဖွင့်ပြခြင်း) ကိုပြရန် ဩဒါတကသိုဏ်း၌ အာရုံရှိသော စတုတ္ထစျာန်ကို ဝင်စားတော်မူလေသည်။

ထိုအခါ၌ မဟာပထဝီမြေကြီးမှ အကနိဋ္ဌဗြဟ္မာတိုင်အောင် တစ်ပြင်လုံး အလင်းရောင်ဖြစ်ပေါ်စေပြီး ဟင်းလင်းပြင်ဖြစ်သွားလေသည်။ သို့ဖြစ်၍ လူအပေါင်းတို့သည် မိမိတို့နေရာမှ စတုမဟာရာဇ်နတ်ပြည်မှ အကနိဋ္ဌဗြဟ္မာပြည်တိုင်အောင် ကံအလိုက်ခံစားနေရသူအားလုံး၊ နတ်ဗြဟ္မာအားလုံးတို့အား မြင်ကြလေသည်။ အောက်မြေပထဝီမြေကြီး၌ ကံအလိုက်ခံစားနေကြရသော ငရဲငယ်မြောက်မြားစွာ ငရဲကြီးရှစ်ထပ်၌လည်းကောင်း၊ စကြဝဠာတိုက်ရှိ မှောင်အတိဖြစ်နေသော ဒုက္ခခံစားနေကြသော (ကံအလိုက်) ငရဲသားများကိုလည်းကောင်း ပကတိမျက်စိဖြင့် မြင်ကြလေသည်။ ဘုရားရှင်သည် ရတနာစင်္ကြံထက်၌ တန်ခိုးပြနေစဉ် လူအပေါင်းတို့အား ၎င်းတို့စရိုက်နှင့် ကိုက်ညီသောတရားများကို ဟောကြားတော်မူသည်။ ထိုအခိုက်၌ တန်ခိုးပြခြင်း ခေတ္တရပ်နားထားပါသည်။ လူအပေါင်းတို့လည်း သာခုကောင်းချီးပေးကြလေသည်။ ဘုရားရှင်သည် ပရိသတ်တို့၏ အပိုအဇ္ဈာသယဓာတ်နှင့် လိုက်လျောသင့်တော်သောတရားဒေသနာကိုလည်း ဟောကြားတော်မူသည်။

ဘုရားရှင်သည် မေးသူကမေး ဖြေသူကဖြေ ဟူသောပြဿနာဖြင့် တရားကိုဟောလိုသည်။ ပရိသတ်လူထဲမှလည်း မေးနိုင်သူမရှိသဖြင့် နိမ္မိတဘုရားများ ဖန်ဆင်းပြီး ပကတိဘုရားက ဖြေကြား၍ နိမ္မိတရုပ်ပွားကို ပကတိဘုရားရှင်က မေးသည်။

နိမ္မိတရုပ်ပွားက ဖြေကြားသဖြင့် ပြဿနာတို့ကို ရှင်းလင်းလုပ်ပြနေသည်။ နိမ္မိတရုပ်ပွားတော်များသည် လျောင်း၊ ထိုင်၊ ရပ်၊ သွား လေးပါးတို့ တစ်ပါးစီ လုပ်ပြလျက် တည်ရှိကြကုန်သည်။

ဘုရားရှင်သည် သတ္တဝါတို့၏စရိုက်နှင့် လျော်ညီစွာ တရားများကို ဟောကြားသောကြောင့်လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါအပေါင်းတို့သည် သစ္စာလေးပါးကိုသိမြင်၍ ကျွတ်တမ်းဝင်ကြကုန်လေသည်။

ဘုရားရှင် တာဝတိံသာနတ်ပြည်သို့ ကြွတော်မူခြင်း

ဘုရားရှင်သည် တန်ခိုးပြာဋ္ဌိဟာကို ပြတော်မူပြီးနောက် ရှေးဘုရားများကဲ့သို့ တာဝတိံသာနတ်ပြည်သို့ကြွတော်မူ၍ မယ်တော်မိနတ်သားအား အဘိဓမ္မာတရားဟောကြားရန် ဆင်ခြင်မိလေသည်။

ဘုရားရှင်သည် ဝါဆိုလပြည့်နေ့ ညချမ်းချိန်ခါ၌ တာဝတိံသာနတ်ပြည်သို့ ကြွတော်မူလေသည်။ ယင်းကြွတော်မူရာ၌ လက်ယာတော်ခြေတော်ကို မြှောက်၍ ယုဂန္ဓိရ်တောင်သို့ ခြေချအံ့ဟု ရည်ရွယ်သည်။ ထိုအခါ၌ ယူဇနာလေးသောင်းနှစ်ထောင်မြင့်သော ယုဂန္ဓိရ်တောင်သည် အလိုလိုကိုင်းညွတ်၍ ဘုရားရှင်ခြေဖဝါးတော်အောက်သို့ ရောက်လာသည်။ တစ်ဖန် ရှစ်သောင်းလေးထောင်မြင့်သော မြင်းမိုရ်တောင်သည် ကိုင်းညွတ်၍ လက်ဝဲခြေအောက်သို့ရောက်လာလေသည်။ ဤသို့ဖြင့် ဘုရားရှင်သည် လူ့ပြည်မှ တာဝတိံသာနတ်ပြည်သို့ ခြေနှစ်လှမ်းဖြင့် ရောက်သွားလေသည်။

သိကြားမင်းသည် ဘုရားရှင် ကြွလာမည်သိ၍ သူ၏နတ်မှူးတို့နှင့်တကွ ဘုရားရှင်ကို ကြိုဆိုကြလေသည်။ သိကြားမင်းသည် ဘုရားရှင်တာဝတိံသာနတ်ပြည်၌ ဝါကပ်တော်မူမည်ဟုထင်၍ ပင်လယ်ကသစ်ပင်ရင်းရှိ ပဏ္ဍုကမ္ဗလာမြကျောက်ဖျာကြီး၌ ဝါတွင်းသုံးလပတ်လုံး သီတင်းသုံးရန် ရည်ရွယ်သည်။ ယင်းပဏ္ဍုကမ္ဗလာမြကျောက်ဖျာသည် အလျားယူဇနာ ၆၀ နှင့် အနံယူဇနာ ၅၀ ရှိသည်။ သို့သော် ဘုရားရှင်အတွက် အလွန်ကျယ်နေမည့် ဆန်ကောထဲ စာဝတီးဌက် နားနေသည့်ပမာ ဖြစ်ခြေမည်ဟု အကြံဖြစ်လေသည်။

ဘုရားရှင်ကလည်း သိကြားမင်း၏အကြံကို သိတော်မူ၍ မိမိ၏ဒုကုဋ္ဌနှစ်ထပ်သင်္ကန်းကို လွှမ်းလေသော် သင်္ကန်းတစ်ခုလုံးသည် ကျောက်ဖျာတစ်ခုလုံးကို လွှမ်းခြုံမိလေသည်။ ထို့နောက် ဘုရားရှင်သည် ကျောက်ဖျာထက် ထိုင်တော်မူသော် ကျောက်ဖျာတစ်ခုလုံးသည် ဘုရားရှင်တင်ပျဉ်ခွေအတွင်း၌ ရှိလေသည်။ ဘုရားရှင် တာဝတိံသာနတ်ပြည်သို့ ကြွသွားသဖြင့် လူ့ပြည်မှ လူအားလုံးသည် တန်ခိုးပြာဋ္ဌိဟာပြရာမှ ပျောက်သွား၍ ဘယ်သို့သွားပါသနည်းဟု တန်ခိုးရှင် အရှင်မဟာမောဂ္ဂလ္လာန်အား လျှောက်ထားမေးမြန်းကြလေသည်။

အရှင်မဟာမောဂ္ဂလ္လာန်သည် သူသိသော်လည်း နတ်မျက်စိကဲ့သို့ မြင်တတ်သော ဘုရားရှင်မှ တစ်ပါး ဇောဒဂ်ရထားသော အရှင်အနုရုဒ္ဓါအား ၎င်း၏ဂုဏ်ကိုမြင်ရန် လူအပေါင်းတို့အား မေးကြလေ့ဟု ဦးတည်ပေးလိုက်သည်။ ဘုရားရှင်သည် တာဝတိံသာနတ်ပြည် ပဏ္ဍုကမ္ဗလာမြကျောက်ဖြာ၌ ဝါတွင်းသုံးလပတ်လုံး သီတင်းသုံး၍ မယ်တော်မိနတ်သားအား အဘိဓမ္မာတရားတော် ဟောတော်မူရန်ကြွသွားကြောင်း အရှင်အနုရုဒ္ဓါက ဖြေကြားတော်မူလေသည်။ ထိုအခါ လူတို့သည် ဘုရားရှင်အား မဖူးမြင်ရလျှင် မပြန်ဟူ၍ဆိုကာ သာဝတ္ထိပြည်အနီးတွင် သစ်ခက်တဲမဏ္ဍပ်များထိုး၍ နေကြလေသည်။ ၎င်းတို့အတွက် ကောင်းကင်ကြီးသည် အမိုးဖြစ်၍ မြေကြီး၌ပင် အိပ်ရလေသည်။ ဘုရားရှင်အား ကြည်ညိုသဒ္ဓါရှိကြသောကြောင့် ၎င်းတို့သည် မြေပြင်ကသန့်ရှင်း၍ လူတို့လည်း အနာရောဂါ ဝေဒနာမစွဲကပ်ကြချေ။

ဘုရားရှင်က ရှေးယခင်ကပင် အရှင်မဟာမောဂ္ဂလ္လာန်အား ဤပရိသတ်ကို တရားဟောပေးရမည်။ စူဠအနာထပိဏ်သူဌေးက ဤလူအပေါင်း ပရိသတ်အား ကျေးမွေးထားရမည်ဟု မှာထားပြီး ဖြစ်သည်။ ဤသို့မိန့်သည့်အတိုင်း အရှင်မောဂ္ဂလ္လာန်က တရားဟောသည်။ ၎င်းပရိသတ်ကြီးအား စူဠအနာထပိဏ်သူဌေးက ကျေးမွေးထားရလေသည်။ ဝါတွင်းသုံးလပတ်လုံး နေရလေသည်။

အင်္ကုရနှင့် ဣန္ဒကနတ်သားနှစ်ပါး၏ ရှေးကံကွာဟပုံ

ဘုရားရှင်သည် ပဏ္ဍုကမ္ဗလာမြကျောက်ဖျာထက်တွင် သီတင်းသုံးနေတော်မူသည်။ ထိုအခါ တာဝတိံသာနတ်ပြည်၌ ဘုရားရှင်ကြွလာသည်တွင် နတ်အပေါင်းတို့သည် အုတ်အုတ်ကျက်ကျက်ဖြင့် ကြွေးကြော်နေကြပါသည်။ ထို့ကြောင့် အထက်အထက် နတ်ဘုံ၊ ဗြဟ္မာဘုံတို့မှ နတ်ဗြဟ္မာအပေါင်းတို့သည် ဤသို့ဘုရားရှင်၏သတင်းကို ကြားရ၍ ဘုရားရှင်၏မယ်တော်ဖြစ်ခဲ့ဖူးသော သန္တုသိတနတ်သားနှင့်အတူ တရားနာရန်လာကြကုန်သည်။ ထို့အပြင် အခြားသောစကြဝဠာတိုက်အတွင်းရှိ နတ်အပေါင်းတို့လည်း လာကြပါသည်။

နတ်ဗြဟ္မာအပေါင်းသည် ဘုရားရှင်အား ဝိုင်းရံလျက်နေကြသည့်အခါ၌ ၎င်းမှထွက်သော အလင်းရောင်ကို ဘုရားရှင်၏ ရောင်ခြည်ခြောက်သွယ်မှ လွှမ်းမိုးထားလေသည်။ ဤသို့ပရိသတ်အလယ်

"ဘုရားရှင်သည် ဝါဆိုလပြည့်နေ့ ညချမ်းချိန်ခါ၌ တာဝတိံသာနတ်ပြည်သို့ ကြွတော်မူလေသည်။ ယင်းကြွတော်မူရာ၌ လက်ယာတော်ခြေတော်ကို မြှောက်၍ ယုဂန္ဓိရ်တောင်သို့ ခြေချအံ့ဟု ရည်ရွယ်သည်။ ထိုအခါ၌ ယူဇနာလေးသောင်းနှစ်ထောင်မြင့်သော ယုဂန္ဓိရ်တောင်သည် အလိုလိုကိုင်းညွတ်၍ ဘုရားရှင်ခြေဖဝါးတော်အောက်သို့ ရောက်လာသည်။ တစ်ဖန် ရှစ်သောင်းလေးထောင်မြင့်သော မြင်းမိုရ်တောင်သည် ကိုင်းညွတ်၍ လက်ဝဲခြေအောက်သို့ရောက်လာလေသည်။ ဤသို့ဖြင့် ဘုရားရှင်သည် လူ့ပြည်မှ တာဝတိံသာနတ်ပြည်သို့ ခြေနှစ်လှမ်းဖြင့် ရောက်သွားလေသည်"

ဘုရားရှင်လက်ယာဘေးတွင် မယ်တော်မိနတ်သားနေ၍ ၎င်းအနီး၌ တန်ခိုးကြီးများသော ဣန္ဒကနတ်သားနေသည်။ ဘုရားရှင်၏ လက်ဝဲဘက်၌ အင်္ကုရနတ်သားနေလေသည်။ ထိုသို့တန်ခိုးကြီးများသောနတ်ဗြဟ္မာတို့ ရောက်ကြသောအခါ၌ အင်္ကုရနတ်သည် တဖြည်းဖြည်းဘုရားရှင်အနီးမှ နောက်ဆုတ်ခဲ့ရာ (၁၂) ယူဇနာ ဝေးသောနေရာသို့ ရောက်လေသည်။ ဣန္ဒကနတ်သားသည် ၎င်း၏ နေရာမှမရွေ့ဘဲ နေလေသည်။

ဘုရားရှင်သည် အလှူခံပုဂ္ဂိုလ်နှင့် အလှူခံဝတ္ထုအပေါ် မူတည်၍ သာသနာတော်တွင်း၌ အကျိုးခံစားရပုံကို ဤနတ်သားနှစ်ဦးကြည့်၍ သိစေရန် အမေးများဖြင့် မေးတော်မူလေသည်။ ဘုရားရှင်သည် အင်္ကုရနတ်သားကိုခေါ်၍ ရှေးယခင် လူဘဝက သင်သည် မဏ္ဍိမဒေသကို အုပ်ချုပ်သောမင်းဖြစ်ဖူးသည်။ အနှစ်တစ်သိန်း ကာလပတ်လုံး ၁၂ ယူဇနာရှိသော ခုံလောက်ကိုသာ၍ အလှူကြီးပေးလှူခဲ့သည်မဟုတ်လောဟု မေးသည်။

(ဆက်လက်ဖော်ပြပါမည်)

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ အောင်လင်း၏ အရိုင်းစံပယ် အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

၁၈-၁-၂၀၂၃ ရက်မှအဆက်

ဒေါ်ခင်မျိုးသန့်သည် ယူကျုံးမရသဖြင့် 'မ' ကိုပင် ပြန်၍နှစ်သိမ့်လိုက်တော့သည်။ သည်တော့မှလည်း 'မ' မှာ သူ့စိတ်ကို ပြန်၍တင်းထားလိုက်သည်။

"ဒီအိမ်ကြီးနဲ့ သမီးအတွက်ငွေဟာ မေမေနဲ့ မော်အတွက်ဖြစ်ပါစေ မေမေ။ ဒီလိုဖြစ်ပြီးနောက် မေမေနဲ့မော်က ကြည်ဖြူခွင့်လွှတ်မယ်ဆိုရင် သမီးတို့ အရင်တုန်းကလို တစည်းတလုံးတည်း ပြန်ပြီးနေပါရစေ။ ဖေဖေကြီးခေါင်းချသွားတဲ့အိမ်မို့ သမီး ဒီအိမ်က ဘယ်မှခွဲပြီးမနေချင်ပါဘူး"

"မေမေ ဝမ်းသာပါတယ်။ သမီးရဲ့စေတနာကို မေမေ နားလည်ပါပြီ"

ဒေါ်ခင်မျိုးသန့်သည် 'မ'၏နဖူးပြင်ကို သပ်လိုက်ရင်း မချိတင်ကဲ ပြောလိုက်မိသည်။

မော်က 'မ' အနားသို့ မရဲတရဲ ကပ်၍လာသည်။

ပြီးမှ မျက်ရည်စမ်းစမ်းနှင့် 'မ' ကို တောင်းပန်လိုက်သည်။

"မော့်ကို စိတ်မဆိုးပါနဲ့နော်။ မော့်ကို ခွင့်လွှတ်မယ်မဟုတ်လားဟင်။ 'မ'...မော်တောင်းပန်ပါတယ် 'မ' ရယ်။ မော့်ကိုခွင့်လွှတ်ပါနော်"

မော်က ငိုသံဖြင့် တုန်တုန်ယင်ယင်တောင်းပန်နေသည်ကိုပင် 'မ' မှာ မကြည့်ရက်နိုင်အောင်ရှိတော့သည်။

သည်တော့လည်း 'မ'မှာ မော်၏ပါးပြင်ကလေးကို လက်ဖြင့် အသာပွတ်လိုက်မိသည်။

"တောင်းပန်စရာမလိုပါဘူး ညီမရယ်။ လောကမှာ အပြစ်ကင်းတဲ့သူရယ်လို့ မရှိပါဘူး။ တို့တစ်တွေဟာ ဒီအပြစ်တွေလောက်တော့ တစ်သက်လုံး မပျက်နိုင်တဲ့မေတ္တာနဲ့ ချေဖျက်သွားရမယ့် တစ်အူထုံဆင်း ညီမအရင်းတွေဆိုတာ မင်း ယုံစမ်းပါကွယ်"

'မ'က မော်၏ပါးကလေးကို မနာအောင် အသာဆွဲ၍ညှစ်လိုက်သည်။ သည်တော့မှလည်း မော့်မှာ သူ့စိတ်ကိုသူ မထိန်းနိုင်တော့ဘဲ 'မ' ရင်ခွင်တွင်းသို့ သူ့ခေါင်းကလေးဖြင့် တိုးဝှေ့လိုက်ရင်း ကလေးငယ်လေးလို အသံထွက်အောင်ငိုလိုက်တော့သည်။

"မော် မကောင်းဘူး၊ မော့်ကိုယ်မော် သိတယ်။ မော်တို့က သိပ်ဆိုးနေပြီ။ 'မ' ခုလို မော်တို့အပေါ်မှာ စေတနာကောင်းပြလေ၊ မော်တို့အတွက် ခွင့်လွှတ်ပြလေ မော် ဝမ်းနည်းလေပဲ။ မော် သိပ်ဝမ်းနည်းတယ်။ မော့်ကိုခွင့်လွှတ်ပါ 'မ' ရယ်"

မော်သည် တအားငို၍ပြောရင်း တောင်းပန်နေတော့သည်။ မွန်က မော့်ကို ဆွဲယူ၍ ချော့လိုက်သည်။

'မ' သည် သူ့စိတ်ကိုသူ မထိန်းနိုင်တော့ချေ။

မမြင်ရက် မကြည့်ရက်သောအဖြစ်ကို မြင်ရသကဲ့သို့ ရပ်တည်နိုင်စွမ်းမရှိတော့ချေ။

"'မ' ပြောတာ နားထောင်စမ်း မော်၊ မင်း ကိုယ့်ကို ဒါလောက်တောင် တောင်းပန်စရာမလိုပါဘူး။ မင်း ဒီလောက်တောင်းပန်နေတော့ ကိုယ်မခံနိုင်ဘူး သိလား။ ရင်ထဲကကို ငိုချင်လာတယ်။ ကိုယ်ဟာ မင်းပြောသလို သူတော်ကောင်းမကြီးလည်း မဟုတ်ပါဘူး။ ဒါပေမဲ့ မွန်ပြောသလိုပဲ ကိုယ့်မှာ အားနည်းချက်ရှိတယ်။ ဒီအားနည်းချက်ကတော့ လူတွေကို အတွယ်အတာကြီးတတ်တယ်၊ သံယောဇဉ်ကြီးတတ်တယ်။ အပြစ်တစ်ခုကို ပြိုင်ပြီးခွင့်လွှတ်စတမ်း ဆိုရင် အားနည်းတဲ့သူက အရင်ခွင့်လွှတ်ပြီးဖြစ်နေလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ အားနည်းတဲ့သူဆိုတာ ကိုယ်တွယ်တာချစ်ခင်နေရသူတွေရဲ့ အမုန်းကိုလည်းမခံနိုင်ဘူး။ အငြိုးလည်း မခံနိုင်ဘူး။ သံယောဇဉ်လည်း အပြတ်မခံနိုင်ဘူး။ ခု ဖေဖေခွဲဝေခဲ့တဲ့ပစ္စည်းတွေကို မေမေနဲ့မင်းကို ပြန်အပ်တာဟာ ဒီစေတနာသန့်သန့်နဲ့ ပြန်အပ်တာ။ မော့် အရှိန်အဝါကြောင့် မာနထောင်ပြီး ပြန်အပ်တာမျိုး မဟုတ်ဘူး။"

"ဒီပစ္စည်းတွေအတွက် လောဘတက်ပြီး အမုန်းခံရမှာကို ကိုယ်မခံနိုင်ဘူး။ ဒီပစ္စည်းတွေရမှာထက် မေမေရဲ့မေတ္တာပျက်မှာ၊ မွန်နဲ့ မော်တို့ရဲ့ မေတ္တာပျက်မှာ ပိုပြီးကြောက်တယ်။ တစ်ချိန်တုန်းက အမေညီအစ်မတွေရဲ့သံယောဇဉ် အဖြတ်ခံရတာ မင်းတို့ ပြတ်သလို ကိုယ့်မှာ မပြတ်နိုင်ဘူး။"

"ဒီတော့ ဘယ်လောက်တောင် ယူကျုံးမရဖြစ်ရတယ်ဆိုတာ ကိုယ် ပိုပြီးမပြောတတ်ဘူး။ အခုတို့မှိခိုနေရတဲ့ သစ်ပင်ကြီးလဲသွားပြီ။ တို့မှာ ခိုလှုံစရာအရိပ်က ရှားပါးလာပြီ။ ဒီအမေ၊ ဒီညီအစ်မတွေရဲ့ မေတ္တာရိပ်ကို တစ်ပြန်တလဲ ခိုလှုံပြီးနေကြရမှာပါ ညီမရဲ့။ ဒါကြောင့် ကိုယ့်ကို တောင်းပန်ဖို့မလိုဘူးလို့ပြောတာ သိလား။ တောင်းပန်ချင်း တောင်းပန်ရင် ကိုယ်ကသာ တောင်းပန်ရမှာပါ ညီမရယ်။ ကိုယ်ကသာ တောင်းပန်ရမှာပါကွယ်"

'မ' က ပြောပြောဆိုဆို သူ့မျက်နှာကို လက်ဝါးကလေးဖြင့်အုပ်၍ တစ်ကိုယ်လုံး သိမ့်သိမ့်ခါအောင် ငိုလိုက်မိတော့သည်။

'မ' ငိုတော့လည်း မော်ကပါ 'မ' ကို ဖက်၍ ငိုလိုက်မိလေတော့သည်။ မွန်က 'မ' မျက်နှာကလေးကို မေးမှအသာဆွဲ၍ မော့လိုက်သည်။ မွန့်မျက်လုံးများမှာ မျက်ရည်အပြည့် လျှမ်းနေတော့သည်။

"မင်း မှန်ပါတယ် ညီမရယ်၊ မင်းက အမှန်ဘက် ရပ်တည်ခဲ့တဲ့သူမို့ မင်းကို တို့တစ်တွေ တောင်းပန်တာကို မင်း ဝမ်းနည်းစရာမလိုပါဘူး။ မင်းရဲ့ စေတနာကို တို့နားလည်တဲ့နောက်မှာ တို့တစ်တွေဟာ အရင်လို ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာ တစည်းတလုံးတည်း နေသွားဖို့ပဲရှိတယ် မဟုတ်လား။ မွန်ပြောတာကို ယုံပါကွယ်နော်" သည်တော့မှလည်း 'မ' သည် ကလေးငယ်ကဲ့သို့ ခေါင်းကိုအသာညိတ်လိုက်ရင်း သူ့မျက်ရည်များ သုတ်လိုက်သည်။

ကိုဘခက်သည် 'မ' တို့အဖြစ်ကို မျက်နှာလွှဲနေရာမှ နာရီကို ကြည့်လိုက်သည်။ ရထားချိန်ကား နီးနေလေပြီ၊ သည်တော့မှလည်း 'မ' ကို ခပ်တိုးတိုးသတိပေးလိုက်သည်။

"ရထားထွက်ခါနီးပြီ 'မ' ရေ'

မွန်က 'မ' ကို တွဲထူလိုက်သည်။

မောင်က တစ်ဖက်မှ 'မ' လက်မောင်းကလေးကို ဖက်တွယ်၍ လိုက်လာသည်။ ဦးစိန်ခက်က ကျန်ခြေဖြင့် အားလုံးကို နှုတ်ဆက်လိုက်သည်။

"ကဲ... ကျွန်တော်တို့ကို ခွင့်ပြုပါဦးခင်ဗျာ။ သမီးအတွက် စိတ်ချပါ။ မောင်ဘခက်အမေရောကျွန်တော်ကပါ သမီးတစ်ယောက်တိုးတယ်လို့ ယူဆပြီး ဝမ်းသာနေကြတာပါ"

"ကျေးဇူးတင်ပါတယ်ရှင့်၊ ကဲ ... ငါ့သားနဲ့ ငါ့သမီးကိုယ်စိတ်နှစ်ပါး ချမ်းသာကြပါစေ"

'မ' သည် ရွှင်လန်းသောမျက်နှာကလေးဖြင့် ဒေါ်ခင်မျိုးသန့်ကို တစ်ချက်မျှ ကြည့်လိုက်သည်။ ကိုဘခက်က အသင့်ဖွင့်ထားသောတံခါးမှ 'မ' ကို တက်စေပြီး 'မ' ဘေးမှ ဝင်၍ထိုင်လိုက်သည်။

ဦးစိန်ခက်က ရှေ့မှဝင်၍ထိုက်လိုက်သည်။

"ကဲ ... အားလုံးပဲ သွားမယ်နော်"

ကိုဘခက်က အားလုံးကိုရွှင်ပြုံးသောမျက်နှာဖြင့် နှုတ်ဆက်လိုက်သည်။

"ဟုတ်ကဲ့ ... ဆရာ"

မြန်မြန်ပြန်ခဲ့ကြနော်၊ ပြန်တော့လည်း သံကြိုးရိုက်ပါ။ မော်တို့ကြိုမယ်"

'မ'က မျက်ရည်မခြောက်သေးသော မျက်လုံးဝိုင်းကြီးဖြင့် မွန်နှင့်မော့်ကို ပြုံးကြည့်ရင်း ခေါင်းညိတ်လိုက်သည်။

ကားကလေးသည် အိမ်အတွင်းမှ တဖြည်းဖြည်းထွက်လာလေသည်။ ဝင်းပေါက်ဝသို့ ရောက်သောအခါ 'မ' သည် နောက်ပေါက်မှ နေအိမ်ကြီးကို ပြန်လှည့်ကြည့်လိုက်မိသည်။

တစ်ချိန်က 'မ' တို့နေခဲ့သောအိမ်ကြီးကား မည်းမည်းရိုပ်ရိုပ်သာ မြင်ရတော့သည်။

ကိုဘခက်က 'မ' ကိုယ်ကလေးကို သိမ်းဖက်လိုက်သည်။ ကားရှေ့မှ လမ်းမကြီးကား ကားမီးရောင်ကြောင့် ထိန်ထိန်လင်းလျက် ရှိတော့သည်။ ကိုဘခက်သည် 'မ' ကို ခပ်တင်းတင်းကလေး ဖက်လိုက်ပြီး လျှင်လေသံတိုးတိုးလေးဖြင့် ကပ်၍ပြောလိုက်သည်။

"'မ' ပင်ပန်းလှပါပြီကွယ်၊ ဒီတစ်ခါတော့ ကိုယ်နဲ့ အေးအေးချမ်းချမ်း အချိန်ယူပြီး အမောဖြေကြဦးစို့နော်"

ကိုဘခက်၏ နှစ်သိမ့်မှုသည် 'မ' နှလုံးသားကို ရေနှင့်ဖျန်းလိုက်သလို ခဏနှင့် လန်း၍လာလေတော့သည်။ 'မ' သည် ကိုဘခက်၏ရင်ခွင်ပေါ်တွင် ခေါင်းကလေးကိုငဲ့၍ အသာမှေးလိုက်ရင်း တစ်ချက်မျှ ရှိုက်၍ ညည်းလိုက်ရှာတော့သည်။

"မောင့်ရင်ခွင်မှာသာ မှီနေရရင် 'မ' တစ်သက်လုံး မမောပါဘူးမောင်..."

အောင်လင်း

ပြီးပါပြီ

ဆရာအောင်လင်း၏ "အရိုင်းစံပယ်" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

"'မ' ဝိုတော့လည်း မော်ကပါ 'မ' ကို ဖက်၍ ငိုလိုက်မိလေတော့သည်။ မွန်က 'မ' မျက်နှာကလေးကို မေးမှအသာဆွဲ၍ မော့လိုက်သည်။ မွန့်မျက်လုံးများမှာ မျက်ရည်အပြည့် လျှမ်းနေတော့သည်။ "မင်း မှန်ပါတယ် ညီမရယ်၊ မင်းက အမှန်ဘက် ရပ်တည်ခဲ့တဲ့သူမို့ မင်းကို တို့တစ်တွေ တောင်းပန်တာကို မင်း ဝမ်းနည်းစရာမလိုပါဘူး။ မင်းရဲ့စေတနာကို တို့နားလည်တဲ့နောက်မှာ တို့တစ်တွေဟာ အရင်လို ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာ တစည်းတလုံးတည်းနေသွားဖို့ပဲရှိတယ်မဟုတ်လား။ မွန်ပြောတာကို ယုံပါကွယ်နော်" သည်တော့မှလည်း 'မ' သည် ကလေးငယ်ကဲ့သို့ ခေါင်းကိုအသာညိတ်လိုက်ရင်း သူ့မျက်ရည်များ . . .'

ဆက်လက်၍ စာရေးဆရာမောင်မောင်ဖြူ၏ "နွေဦးကာလ မြူထသောအခါ" ဝတ္ထုရှည်ကို ဇန်နဝါရီ ၂၃ ရက်မှစ၍ အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

"နွေဦးကာလ မြူထသောအခါ" ဝတ္ထုရှည်မှာ စာရေးဆရာမောင်မောင်ဖြူ၏ ပထမဆုံး လုံးချင်းဝတ္ထုရှည်ကြီးဖြစ်သည်။

ထိုဝတ္ထုသည် ၁၉၆၇ ခုနှစ် အမျိုးသားစာပေဝတ္ထုရှည် ဒုတိယဆုရရှိခဲ့သည်။

စာရေးသူသည် ထန်းပင်အောက်တွင် ကြီးပြင်းလာသူပီပီ မိမိပတ်ဝန်းကျင်ရှိ ထန်းသမားတို့၏ဘဝကို စိတ်ဝင်စားသည်။ စိတ်ဝင်စားသည့်အတိုင်းလည်း နှစ်အတန်ကြာလေ့လာပြီးမှ ရေးသားခဲ့သည်။

"နွေဦးကာလ မြူထသောအခါ" ဝတ္ထုရှည်တွင် ထန်းပိုင်ရှင်သည် အရင်းရှင် စီးပွားရေးစနစ်ဖြင့် ထန်းသမားများအပေါ်တွင် ကုန်ပစ္စည်း ထန်းလျက်အပေါ်မှ လည်းကောင်း၊ ငွေကြေးအပေါ်မှလည်းကောင်း၊ လုပ်အားအပေါ်မှလည်းကောင်း ခေါင်းပုံဖြတ်ခြင်း၊ သွေးစုပ်ခြင်း၊ ခြယ်လှယ်ခြင်း၊ ဖိနှိပ်ခြင်းစနစ်ကျင့်သုံးနေသော ထန်းပိုင်ရှင်စနစ်ဆိုးကို ထန်းသမားတို့၏ ဘုံထန်းတောစုပေါင်းလုပ်ငန်းဆောင်ရွက်ခြင်းဖြင့် ရရှိလာသည့် အခြေအနေများကို ဖော်ပြထားသည်။

ထန်းတက်သမားတို့၏ ဘဝဓလေ့အစုံစုံ အဖုံဖုံကို မျက်စိထဲထင်းထင်းလင်းလင်းမြင်ရအောင် ရေးသားသီကုံးခဲ့သည်။ ထန်းပင် ထန်းတောနှင့် ရွာဓလေ့စရိုက်ကို ထိထိမိမိ တင်ပြထားသည်။ ထန်းလုပ်သားတို့၏ ဘဝသရုပ်များကို အလေးပေး ဖော်ပြထားသည်။

ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်မြို့၊ သဃ်ိန်းကျွန်းမြို့နယ်၊ ဧ/မြောက်ရပ်ကွက်၊ လေးထောင့်ကန်လမ်း၊ အမှတ်(၉/၂၄၄) ဟုခေါ်တွင်သော (၂)ခန်းတွဲ (၆)ထပ်တိုက်အဆောက်အဦ၏ လေးလွှာ၊ ခြေရင်းဘက်ခြမ်း၊ ခန့်မှန်းအကျယ်အဝန်း (၁၄ ပေx ၅၀ ပေ)ရှိ တိုက်ခန်းနှင့် ရေမီးအစုံအလင်ပါဝင်သော ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ပိုင်ဆိုင်ထားပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးခင်မောင်ဝင်း [၁၂/မဘန(နိုင်)၀၀၂၀၃၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဥပဒေနှင့် အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ငြိမ်းငြိမ်းအောင် (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၂၄၁)
အမှတ် (၁၅)၊ ရတနာလမ်း၊ ဗျိုင်းရေဆိုးစင်ရွာမရပ်ကွက်၊ တာမွေဖြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၅၀၄၂၉၆

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်မြို့၊ လသာမြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ စဉ့်အိုးတန်းလမ်း၊ အခန်းအမှတ် (၃၀၂)၊ ဧရိယာအကျယ်အဝန်း-(၃၀ပေx၆၀ပေ) အကျယ်ရှိ တိုက်ခန်းနှင့် ထိုတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဦးသောင်းရွှေ [၁၂/ကမရ(နိုင်)၀၄၄၀၄၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေ ထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ အရောင်းအဝယ်ပြုလုပ်သည့် တိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်၊ ရပိုင်ခွင့်ရှိသူများ အပြင် အခြားမည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာသည့်မူရင်း စာရွက်စာတမ်းအထောက်အထားများဖြင့် လာရောက်ကန့်ကွက်ရန် ဖိတ်ခေါ်အပ်ပါသည်။ အကယ်၍ သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါရောင်းဝယ်မှုကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သိဂီအောင် LL.B, Dip in Business Law
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၄၀၄)
အမှတ်(၁၉၉)၊ ဗိုလ်နက်ကျော်လမ်း၊ (၄၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉-၄၃၀၆၆၄၁၈

"ဒေါ်လဲ့ရည်မောင် [၁၂/ကမတ(နိုင်)၀၆၂၃၀]နှင့် အများသိစေရန်"

ကျွန်ုပ်တို့၏မိတ်ဆွေ ဦးရဲလင်းဖြိုး [၁၂/အလန(နိုင်)၀၃၇၃၄၃]နှင့် ဒေါ်လဲ့ရည်မောင် (၁၂/ကမတ(နိုင်)၀၆၂၃၉၀) တို့သည် (၅-၁၁-၂၀၀၃)ရက်တွင် တရားဝင်အကြောင်းလင်မယားအဖြစ် လက်ထပ်ပေါင်းသင်းပြီး သားတစ်ဦးထွန်းကားခဲ့ပါသည်။ ဒေါ်လဲ့ရည်မောင်သည် (၁၆-၁-၂၀၂၃)ရက် နံနက်ပိုင်းတွင် ဦးရဲလင်းဖြိုး၏သဘောတူခွင့်ပြုချက်မရှိဘဲ နေအိမ်မှ ထွက်ခွာသွားရာ ယနေ့အထိ ပြန်လည်ရောက်ရှိလာခြင်း မရှိပါ။ ယခုကြေညာသည့်နေ့မှ (၇)ရက်အတွင်း မိမိနေအိမ်သို့ ပြန်လည်ရောက်ရှိပါက ဦးရဲလင်းဖြိုးအနေဖြင့် သဘောထားကြီးစွာ လက်ခံမည်ဖြစ်ပါသည်။ ဦးရဲလင်းဖြိုး၏ သဘောတူခွင့်ပြုချက်မရှိဘဲ ဒေါ်လဲ့ရည်မောင်အား လက်ခံထားသူများသည် (၇)ရက်အတွင်း ပြန်လည်ဆက်သွယ်ပေးပို့ပါက ခွင့်လွှတ်မည်ဖြစ်ပြီး၊ အကယ်၍ (၇)ရက်ထက်ကျော်လွန်ကာ ဦးရဲလင်းဖြိုး၏ ဇနီးဖြစ်သူ ဒေါ်လဲ့ရည်မောင်အား လက်ခံထားသူများကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဦးရဲလင်းဖြိုး [၁၂/အလန(နိုင်)၀၃၇၃၄၃]၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ချိုမာလွင် (LL.B) — **ဒေါ်အေးအေးဖိုးမြင့် (LL.B, D.B.L)**
(စဉ်-၁၀၉၉၈၊ ၂၈-၇-၂၀၁၆) — **(စဉ်-၁၇၂၀၃၊ ၂၇-၁-၂၀၂၁)**
တရားလွှတ်တော်ရှေ့နေ — **တရားလွှတ်တော်ရှေ့နေ**
ဖုန်း- ၀၉-၄၂၀၃၄၈၆၆၊ ၀၉-၄၅၆၁၇၇၇၄
တိုက်-၁၀/၁၂ အခန်း-၁၀၄ (ဒီ)၊ ၃၅-လမ်း (အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အများပြည်သူသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ လှည်းကူးမြို့နယ်၊ စခန်းကြီးကျေးရွာအုပ်စု၊ ကွင်းအမှတ် (၉၈၈ ဘန့်ဘွေးကုန်း)၊ မြေကွက်အမှတ် (၇၁/၄၃၊ ၇၂/၄၆) ပိုင်ဆိုင်ခွင့် ("VFV")၊ မြေမျိုးနှင့် အတန်း-မြေရိုင်း၊ မြေဧရိယာ (၁၀)ဧက အကျယ်အဝန်းရှိမြေလွတ်မြေလပ်နှင့် မြေရိုင်း လှည်းပိုင်ခွင့်ပြုမြေအမျိုးအစား မြေကွက်အပါအဝင် ယင်းတို့နှင့် ဆက်စပ်ပတ်သက်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လှည်းကူးမြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုမြို့မြေစာရင်းဦးစီးဌာနတွင် မြေလွတ်မြေလပ်နှင့် မြေရိုင်းလှပိုင်ခွင့်ရရှိထားသော အမည်ပေါက်ပိုင်ရှင် ဦးမြတ်မင်း (၁၁) ဦးသောင်းရွှေ [၁၂/ဒဂန(နိုင်)၀၁၀၃၂၈]၊ အမှတ်(၁၁၉၈)၊ သုပဒန (၃)လမ်း၊ (၁၆/၄)ရပ်ကွက်၊ သဃ်ိန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့နေသူထံမှ ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အရောင်းအဝယ် ပြုလုပ်သည့်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါမြေကွက်အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်ခင်ဝင်းမြင့် (B.Sc, PGDL) — **ဒေါ်ခင်မြတ်သူ (H.G.P,LL.B,D.M.L)**
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၁၉၆) — **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၅၁၅)**
ဖုန်း- ၀၉-၅၁၇၁၄၃၃၃ — **ဖုန်း- ၀၉-၂၅၄၄၈၃၃၀**
အမှတ် (၁၂၂)၊ ၂/လမ်းတောင်၊ အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။

သစ်ပင်စိုက်မှ အရိပ်ရ၏၊ ရိပ်ခိုနားနေ အပန်းဖြေ၏

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၇၁)၊ လူနေရပ်ကွက်အမှတ်(၇၁)၊ မင်းရဲကျော်စွာ(၃)လမ်း၊ မြေကွက်အမှတ် (၁၇၆၀/က)၊ အကျယ်အဝန်း (၂၀ပေx၆၀ပေ)ရှိ ဦးဗွိမူတူး(ခ)ဦးလှမောင် အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားကြောင်း ဝန်ခံသူ ဒေါ်သန်းသန်းအေး [၁၂/ဒဂတ(နိုင်)၀၁၇၅၀၈]မှ မိမိသာလျှင် အပြီးအပိုင်လွှဲပြောင်း ရောင်းချခွင့်ရှိကြောင်း၀န်ခံလျက် ကျွန်ုပ်မိတ်ဆွေထံ စကားကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သောတန့်ဖိုး၏ တစိစိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်သူ — **လွှဲအပ်ညွှန်ကြားချက်အရ**
ဒေါ်ရီရီစန်း — **ဒေါ်ဖွန်မေဒေး LL.B**
[၁၂/ဒဂတ(နိုင်)၀၃၈၄၄၁] — **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၆၁၀)**
အမှတ်-၅၀၊ ပထမထပ်၊ အခန်း(စီ-၆)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉၄၀၂၄၄၃၁၁၆

အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၁/၁၇)ရပ်ကွက်၊ ရတနာလမ်း၊ အမှတ်(၁၈၃၅)၊ မြေတိုင်း(၆၃)ဟုခေါ်တွင်သော အလျား x အနံ ၄၀ပေx၆၀ပေ၊ ဦးအုံးသင်္ကာ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအမျိုးအစား အိမ်ခြံမြေအား တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးဝင်းမြင့်ဦး [၇/သကန(နိုင်)၀၁၅၅၆၇]ကိုင်ဆောင်သူထံမှ ကျွန်ုပ်မိတ်ဆွေများဖြစ်သော ဦးဇေမြတ်သူ [၁၀/မလမ(နိုင်)၁၉၈၆၇၇] ကိုင်ဆောင်သူနှင့် ဒေါ်ခင်အေးမော် [၁၂/ရပသ(နိုင်)၀၉၄၁၀၂၂] ကိုင်ဆောင်သူတို့မှ (၅-၁-၂၀၂၃) ရက်နေ့တွင် ဝယ်ယူပိုင်ဆိုင် လက်ရောက်ရရှိပြီးဖြစ်ပါသည်။ အဆက်ဖော်ပြပါ အိမ်ခြံမြေအား မည်သူကိုမှ ရောင်းချထားခြင်း၊ ပေးကမ်းထားခြင်း၊ အမည်လွှဲပြောင်းထားခြင်းမရှိပါကြောင်းနှင့် မြေကွက်နှင့်ပတ်သက်၍ သက်ဆိုင်ရာအစိုးရရုံးဌာနတို့တွင် ၎င်းတို့၏ခွင့်ပြုချက်မရှိဘဲ မည်သည့်ဆောင်ရွက်မှုကိုမဆို ကန့်ကွက်ပါကြောင်း ကြေညာအပ်ပါသည်။ ဝယ်ယူပြီးသည့်အချိန်မှစ၍ လက်ရောက်ရရှိ ပိုင်ဆိုင်လျက်ရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်စိုးစိုးနွယ်(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၇၅၃)
ဖုန်း-၀၉-၄၂၀၂၉၀၀၀

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၉/က)၊ လူနေရပ်ကွက်အမှတ်(-)၊ မဟာသုခလမ်း၊ မြေကွက်အမှတ် (၃၄၆/က)၊ အကျယ်အဝန်း (၂၀ပေx၆၀ပေ)ရှိ ဦးသိန်းမြင့် [၁၂/ကမရ(နိုင်)၀၃၉၂၄၆] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်အဆက်အစပ်များဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရောက်ရရှိထားပြီး အရှုပ်အရှင်းကင်းရှင်းပါကြောင်း၊ လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဖီလီ(ခ)ဒေါ်တင်တင်မိုး (W/RGN-၀၁၅၆၀၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နီနီခိုင် [၁၂/ဥကတ(နိုင်)၁၅၀၆၅၄] က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထား(မူရင်း) များယူဆောင်၍ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- — **ဒေါ်စုစုထွန်း LL.B, D.B.L, D.I.L**
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၆၄)
အမှတ်(၂၂၈/က)၊ မိဂသီလမ်း၊ ၁၂-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း- ၀၉-၉၇၂၀၅၁၂၁၀၊ ၀၉-၄၂၀၀၃၆၇၄၀

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်ိန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၀+၂၁ (၀၀ယန္တာအိမ်ရာ)၊ မြေကွက်အမှတ် (၁၅၃/စီ)၊ မြေကွက်တည်နေရာအမှတ် (၁၅၃/C)၊ ဝ၀ယန္တာအိမ်ရာ၊ (၂၀)ရပ်ကွက်၊ သဃ်ိန်းကျွန်းမြို့နယ်၊ ဒေါ်မြင့်မြင့်စိန် [၁၃/တခလ(နိုင်)၀၂၆၁၇၂] အမည်ပေါက် နှစ်(၆၀) မြေဌားစာချုပ်မြေအား အမည်ပေါက် ဒေါ်မြင့်မြင့်စိန်(မိခင်)သည် (၁၁-၂-၂၀၁၂)ရက်နေ့တွင် လည်းကောင်း၊ ဦးကျော်ရင်(ဖခင်)သည် (၈-၁၀-၂၀၀၈)ရက်နေ့တွင်လည်းကောင်း ၎င်းတို့၏ တစ်ဦးတည်းသောသားဖြစ်သူ ဦးချွန်တာ(ခင်ပွန်း)သည် (၈-၅-၂၀၁၅)ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်သဖြင့် ဒေါ်ယုဇနအေး [၁၃/လရန(နိုင်)၀၅၀၇၉၂]က တရားဝင်အမွေဆက်ခံခွင့်ရှိသည့် (ချွေးမ၊ ဇနီး) တော်စပ်ကြောင်း၊ ၎င်းမှလွဲ၍ အခြားသောအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း တရားရုံးကျွမ်းကျိန်လွှာအမှတ် (၂၇၂/၂၀၂၂) (၂၂-၁၁-၂၀၂၂) သေစာရင်း၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ဂရန်(မူရင်း)တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအပေါ် ကန့်ကွက်ရန်ရှိပါက တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲရေးဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကျွန်ုပ်တို့၏မိတ်ဆွေက အမှတ် (၁၀၁၀/က)၊ အင်ကြင်းလမ်း၊ ၄-ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ် (၄)၊ မြေကွက်အမှတ် (၁၀၁၀/က)၊ မြေဧရိယာ (၀.၀၅၅)ဧက၊ (၄၀ပေx၆၀ပေ)၊ (၂၄၀၀)စတုရန်းပေ အကျယ်အဝန်းရှိ နှစ်(၆၀) ဂရန်မြေအမျိုးအစား ဒေါ်ဝင်းကြည် အမည်ပေါက် မြေကွက်အနှက်မှ တရားဝင်မွေ့မစိတ်ရသေးသော ခေါင်းရင်းခြင်း၊ [၂၀ပေx၆၀ပေ) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပျဉ်ထောင်အိမ် (၁)လုံးအပါအဝင် ယင်းတို့နှင့်ဆက်စပ်ပတ်သက်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး တို့အား စာချုပ်အဆက်အစပ်များဖြင့် တရားဝင်ဝယ်ယူ ပိုင်ဆိုင်ထားသူ နော်စောဖြူစင်သဲမိုး [၁၂/အစန(နိုင်) ၁၉၈၃၁၉]၊ အမှတ် (၃၈/က)၊ ဝါဦး (၂)လမ်း၊ ဖော့ကန်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့နေသူထံမှ ဝယ်ယူရန် စရန်ငွေပေးချေ ထားပြီး ဖြစ်ပါသည်။ အဆိုပါ မြေနှင့်အဆောက်အဦ အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူ မရှိပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်ဝင်းမြင့် (B.Sc, PGDL) — **ဒေါ်ခင်မြတ်သူ (H.G.P,LL.B,D.M.L)**
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၁၉၆) — **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၅၁၅)**
ဖုန်း- ၀၉-၅၁၇၁၄၃၃၃ — **ဖုန်း- ၀၉-၂၅၄၄၈၃၃၀**
အမှတ် (၁၂၂)၊ ၂/လမ်းတော င်၊ အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။

"ဦးတင်အောင်[၁၂/မဂဒ(နိုင်)၀၀၀၂၈၄]နှင့် အများသိစေရန် ကြေညာချက်"

၁။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ရာဇသင်္ဃာအိမ်ရာ၊ မြောက်ဦးလမ်း၊ အမှတ်- ၂၁၆၃ တွင် နေထိုင်သူ ဒေါ်မြတ်သက်နိုင် [၁၂/စခန(နိုင်)၀၇၁၁၇၈]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည် -

၂။ ကျွန်ုပ်တို့၏မိတ်ဆွေ- ဒေါ်မြတ်သက်နိုင်သည် ဦးတင်အောင်[၁၂/မဂဒ(နိုင်)၀၀၀၂၈၄]ထံမှ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ အေးမေတ္တာရပ်ကွက်၊ အောင်ချမ်းသာတိုးချဲ့(၄)၊ ဧရာဝတီလမ်း၊ ကွင်းအမှတ်(၆၇၂/ဘီ)၊ ကျောင်းကုန်း ဆိပ်ကြီးကျေးရွာ၊ ကွင်းအမည်- ကျောင်းကုန်းတောင်၊ ဦးပိုင်အမှတ် (N ၅)၊ မြေလုပ်ကိုင်သူ ဦးမြင့်ခိုင်အမည်ဖြင့် မြေခွန်ပြေစာ မှတ်သားတည်ရှိသော (၆ဧက)အနက်မှ အကျယ်အဝန်း (၁၂၀'x၉၀') လယ်ယာမြေကွက်ကို (၁၃-၇-၂၀၁၆)ရက်စွဲပါ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဆက်စပ်စာချုပ်များနှင့်တကွ ဝယ်ယူပိုင်ဆိုင်လက်ရောက်ရရှိခဲ့ပါသည်။

၃။ ယခုအခါ ကျွန်ုပ်တို့၏မိတ်ဆွေ- ဒေါ်မြတ်သက်နိုင်ပိုင်ဆိုင်သော အပိုဒ်(၂)ပါ ပစ္စည်းခဲ့ရောင်းချသူ ဦးတင်အောင်က ဝင်ရောက်ကျူးကျော်အိမ်ဆောက်နေထိုင်သည်ကို သိရှိရသဖြင့် နေအိမ်အား ဖယ်ရှားဖြိုဖျက်ပြီး ထွက်ခွာစေရန် အကြောင်းကြားစာ ပေးပို့ခဲ့သော်လည်း လိုက်နာဆောင်ရွက်ခဲ့ခြင်း မရှိပါ။

၄။ သို့ပါ၍ ကျွန်ုပ်တို့၏မိတ်ဆွေ- ဒေါ်မြတ်သက်နိုင်ပိုင်ပစ္စည်းခဲ့ ဝင်ရောက်ကျူးကျော်နေထိုင်သူ ဦးတင်အောင်အပေါ် ဥပဒေကြောင်းအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် အပိုဒ်(၂)ဖော်ပြပါပစ္စည်းကို ပိုင်ရှင်ဖြစ်သူ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်မြတ်သက်နိုင်မှလွဲ၍ မည်သူတစ်ဦးတစ်ယောက်မျှ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ တစ်နည်းနည်းဖြင့် စီမံခန့်ခွဲဆောင်ရွက်ပိုင်ခွင့်မရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးခင်နု LL.B(Advocate) — **ဦးထွန်းမင်းသိန်း LL.B, D.B.L(Advocate)**
တရားလွှတ်တော်ရှေ့နေ — **တရားလွှတ်တော်ရှေ့နေ**
(စဉ်-၅၃၆၂) — **(စဉ်-၁၆၇၈၃)**
တိုက်(၈၃)၊ ဒုထပ်၊ အခန်း(၁၄/ဒီ)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ဖုန်း-၀၉-၇၈၂၅၆၉၀၅၊ ၀၉-၄၂၀၇၅၃၉၄၅၅

ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်ိန်းကျွန်းမြို့နယ်၊ ဘုရင့်နောင်လမ်းရှိ မြေတိုင်းရပ်ကွက်အမှတ် (ကြီးပွား ရေး-မြောက်)၊ မြေကွက်အမှတ် (၅၇၁ + ၅၇၂)၊ ဧရိယာ (၀. ၀၈၃) ဧက၊ (အလျား-၇၆ ပေ/၄၄ ပေ × အနံ - ပေ ၆၀) (စတုရန်းပေ ၃၆၀၀) ရှိ နှစ် (၆၀) ဂရန်မြေကွက်နှင့် အဆိုပါမြေကွက်ပေါ် ရှိအကျိုးခံစားခွင့်အရပ်ရပ်အား မြေကွက်အမည်ပေါက်ဦးအောင်ထွန်းလေးထံမှတရားဝင်ဝယ်ယူပိုင်ဆိုင်ထားသည့် **ဦးလှထွန်း** (၁၂/ တမန (နိုင်) ၁၃၂၅၂၅)ထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက အပိုင်ဝယ်ယူရန် ရောင်းချတိုးဖိုး၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ပါသည်။

ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြေညာချက်ပါရှိသည့်နေ့မှ (၁၄) ရက်အတွင်း ကျွန်ုပ်ထံ ခိုင်လုံသော အထောက်အထားများတင်ပြပြီး ကန့်ကွက်နိုင်ကြောင်းနှင့် အဆိုပါ နေ့ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ပြီးပြတ်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ -
ဦးနေဝင်းဧအောင် (B.Sc,H.G.P,C.B.L)
Higher Grade Pleader
(Lawyer Lc No.19147/ 1991)
Al-Mezan (Law Firm)
အမှတ် (၂၀၇)၊ (ပထပ်-၁)၊ ၃၂ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့
09 786 786 053

အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ (၃၁) ရပ်ကွက်၊ ဧရယ္ဒာသီရိ (၃) လမ်း၊ အမှတ် (၅၂၄) ဟုခေါ်တွင်သည့်နေအိမ်နှင့် အဆိုပါနေအိမ်တည်ရှိရာ အကျယ်အဝန်း (၀ပေ ၄၀ × ပေ ၆၀) ရှိမြေကွက်မှာ (ဖခင်ကြီး ဦးဘိုရွှိန်အာမက် - CY - ၀၂၉၅၂၃) ကွယ်လွန်ပြီးနောက်) ၎င်း၏သားသမီးရင်းချာများဖြစ်သူ ကျွန်ုပ်၏မိတ်ဆွေ **ဒေါ်တလီမာ** (၁၂/သဃက (နိုင်) ၀၀၄၆၃၀၆)၊ **ဦးတင်အေး** (၁၂/သဃက (နိုင်) ၀၀၄၆၃၀၇) နှင့် **ဒေါ်ဘီဘီဂျန်** (၁၀/ မလမ (နိုင်) ၁၂၁၇၃၉၉) တို့လည်း **(အစွဲလာမ်တရားဥပဒေအရ)** အမွေဆက်ခံပိုင်ဆိုင်သော အမွေပစ္စည်းများဖြစ်ပါသည်။

ထို့ကြောင့် အထက်ပါမြေကွက်နှင့် နေအိမ်အား ကျွန်ုပ်၏မိတ်ဆွေများ၏သဘောတူခွင့်ပြုချက်မရှိဘဲ မည်သူမျှ ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ အဆောက်အဦအသစ်ဆောက်လုပ်ခြင်းများ ပြုလုပ်ခွင့်မရှိကြောင်းနှင့် ပြုလုပ်

ရန်ကုန်တိုင်းဒေသကြီး၊ ဧရာပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၅)၊ မြို့မတော်လမ်း၊ မြေကွက်အမှတ် (၉၈)၊ အကျယ်အဝန်း (၆၀ပေ × ၆၀ပေ)ရှိ ဦးရဲဝင်း (၁၂/မဂဒ (နိုင်) ၀၀၄၈၁၈) အမည်ပေါက် နှစ်(၆၀)မြေဌားဂရန်မြေကွက်နှင့်နေအိမ် အပါအဝင်အဂိုဠ်းခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း။

အထက်ဖော်ပြပါမြေကွက်နှင့်နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဆက်စပ်စာချုပ်များဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး၊ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း၀န်ခံကတိပြုသူ **ဦးမျိုးမြင့်ထွန်း (၁၂/အစန (နိုင်) ၁၃၀၄၃၈)**ထံမှ ကျွန်ုပ်တို့မိတ်ဆွေကအပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ထိုအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်းစာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်သတ်မှတ်ရက်ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးဇေအောင်မျိုးသိန်း (LL.B, DBL, DIL, DA Psy)

တရားလွှတ်တော်ရှေ့နေ (စဉ် – ၎၈၃၃)

အမှတ်–၅၀၊ ပ–ထပ်၊ အခန်း (D-2)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉– ၎၈၅၅၅၀၂၅၄

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကျွန်ုပ်တို့၏မိတ်ဆွေက အမှတ်(၈၃၈)၊ ဟေမဝန်လမ်း၊ ၂၄–ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့တွင် တည်ရှိသော ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၄)၊ မြေကွက်အမှတ်(၈၃၈)၊ မြေဧရိယာ(၀.၀၅၅)ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် အမည်ပေါက်ပိုင်ဆိုင်သူ ဦးစောဝိသိန်း (ဘ) ဦးစော(၁၂/မဂတ(နိုင်)၀၁၇၃၀၃)၊ တိုက်အမှတ် (B–1)၊ အခန်း (၅၀၂)၊ စည်ပင်ဝင်း၊ နှင်းဆီလမ်း၊ ၈–ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ထံမှ ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေနှင့်အဆောက်အဦအရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –

ဒေါ်ခင်ဝင်းမြင့် (B.Sc,PGDL)	**ဒေါ်ခင်မြတ်သူ (H.G.P,LL.B,D.M.L)**
တရားလွှတ်တော်ရှေ့နေ (စဉ်/၁၆၁၉၆)	**တရားလွှတ်တော်ရှေ့နေ(စဉ်/၇၅၁၅)**
ဖုန်း–၀၉–၅၁၀၇၄၄၃	**ဖုန်း–၀၉–၂၅၄၄၈၃၃၀**

အမှတ်(၁၂၂)၊ ၂/လမ်းတော၀်၊ အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတ၀ိုမြို့နယ်၊ ရပ်ကွက်အမှတ်–၇/အရှေ့၊ မြေကွက်အမှတ်–၁၀၆၇/က၊ ဧရိယာ(၂၀'x၆၀') မြေကွက်တည်နေရာ အမှတ်–၁၀၆၇/က၊ ၇ ဈေးလမ်း၊ ၇/အရှေ့ရပ်ကွက်၊ သာကေတမြို့နယ် (ဒေါ်တင်ရီ) (CF–၀၆၂၆၄၂) အမည်ပေါက် နှစ် (၆၀) မြေငှားဂရန်မြေအား အမည်ပေါက် ဒေါ်တင်ရီ(မိခင်)နှင့် (ဖခင်)ဖြစ်သူ ဦးယပ် အပေါ် (ခ) ဦးပေါ (TKA–၀၇၀၁၅)တို့ အသီးသီးကွယ်လွန်ကြသဖြင့် သမီးအရင်းဖြစ်သူ ဒေါ်ကျင်ရိန်နိုး [၁၂/သကတ(နိုင်)၁၁၇၈၃၄]မှ ဂရန် (မူရင်း)၊ ဒေါ်တင်ရီနှင့် ဦးပေါ (ခ) ဦးယပ်အပေါက်တို့၏ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ မိဘများတွင် သမီးအရင်းဖြစ်သူ ဒေါ်ကျင်ရိန် တစ်ဦးတည်းကိုသာ မွေးဖွားထွန်းကားခဲ့ပြီး တရားဝင် အမွေဆက်ခံပိုင်ဆိုင်ကြောင်း၊ အခြား သား/သမီးများ မွေးချင်း တစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ ကိတ္တိအမွေးစား သား/သမီးများလည်း မွေးစားထားခဲ့ခြင်း လုံးဝ မရှိကြောင်း၊ တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်တို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာခြင်းအား တရားဝင် ခိုင်လုံသောအဆောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

“ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ ကျောက်တန်းမြို့နယ်၊ ပါခကြီးကျေးရွာအုပ်စု၊ ကွင်းအမှတ် – ၆၂၆– ခ၊ ညောင်ပင်ဆိပ်ကွင်း၊ ဦးပိုင်အမှတ် ၂၂/၅၊ ဧရိယာ (၀.၅၀)ဧက၊ အလျား (၆၀ ပေ)x အနံ (၃၆၀ ပေ)ရှိ ဥယျာဉ်ခြံမြေနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်လက်ရှိထားပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်ဝါဝါဖြိုး [၁၂/သလန(နိုင်) ၁၂၆၈၆၉]ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍ ပိုင်ဆိုင်မှုစာချုပ်စာတမ်းများဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –
ဒေါ်သူသူဖြင့် (LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်–၁၄၈၁၇)
အိမ်/ရုံး – အမှတ်(၇)၊ မြေဦးထပ်(အေ)၊ ဗဟွာသယလမ်း၊ ကျားကွက်သစ်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
Ph: 09–793110051, 09–970479330

အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်လှလှကြူ [၁၂/ကတတ(နိုင်)၀၀၆၆၁၁] ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည် –

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်လှလှကြူသည် သာကေတမြို့နယ်၊ ၂/တောင်ရပ်ကွက်၊ မာန်ပြေ (၂)လမ်းအနောက်၊ အမှတ်(၈၃၈)၊ မှန်ခန်း (A–1)ရှိ နေအိမ်တိုက်ခန်းကို (၆–၁–၂၀၁၉)ရက်စွဲပါ "နှစ်ဦးသဘောတူတိုက်ခန်းအရောင်းအဝယ်ကတိစာချုပ်"အရ ကာလတန်ဖိုးငွေပေးချေ၍ ဒေါ်အေးမြသီတာစန်း [၁၂/သကတ(နိုင်)၁၃၃၃၀၂]ထံမှ ဆက်စပ်စာချုပ်များနှင့်အတူ ဝယ်ယူခဲ့ပြီး ယခုလက်ရှိအချိန်တွင် ဥပဒေနှင့်အညီ ပိုင်ဆိုင်နေထိုင်အကျိုးခံစားလျက်ရှိပါသည်။ ထိုသို့အကျိုးခံစားခွင့်ရှိသည့်အလျောက် ဒေါ်လှလှကြူ နေထိုင်ပိုင်ဆိုင်သည့် အဆိုပါနေအိမ်တိုက်ခန်းအား ၎င်း၏ ခွင့်ပြုချက်မရှိဘဲ မည်သူတစ်ဦး တစ်ယောက်မျှ ရောင်းချ ပေါင်နှံ၊ ပေးကမ်းခြင်း မပြုလုပ်ရန်နှင့် ပြုလုပ်ခဲ့ပါက တရားဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဒေါ်လှလှကြူ
[၁၂/ကတတ(နိုင်)၀၀၆၆၁၁]

လွှဲအပ်ညွှန်ကြားချက်အရ –
ဒေါ်ချစ်ဖူး၀ေ (LL.B)
အထက်တန်းရှေ့နေ (စဉ်–၄၈၅၉၇)
ဖုန်း–၀၉–၄၂၀၁၂၆၈၄
အမှတ် – ၁၂၄၃၊ ထူပါရံ–၅ လမ်း(အရှေ့)၊ ၁–ရပ်ကွက်၊ သာကေတမြို့နယ်။

ပြင်ဆင်ဖတ်ရှုပါရန်

၂–၁–၂၀၂၃ရက်နေ့ကြေးမုံသတင်းစာ၏စာမျက်နှာကြော်ငြာ(၂၈)ကန့်ကွက်နိုင်ကြောင်းကြော်ငြာအမှတ်စဉ်(၃)ဒေါ်မာမာ၏အမည်ပြောင်းတွင်လျှောက်ထားသည့်အကြောင်းအရာအမည်ပြောင်းအစားမြေပုံကူး(အရောင်း)ဟုအမှန်ဖတ်ရှုပါရန်။

ပြင်ဆင်ဖတ်ရှုပါရန်

၂–၁–၂၀၂၃ရက်နေ့ကြေးမုံသတင်းစာ၏စာမျက်နှာကြော်ငြာ(၂၈)ကန့်ကွက်နိုင်ကြောင်းကြော်ငြာအမှတ်စဉ်(၂)ဒေါ်မာမာ၏အမည်ပြောင်းတွင်လျှောက်ထားသည့်အကြောင်းအရာအမည်ပြောင်းအစားမြေပုံကူး(အရောင်း)ဟုအမှန်ဖတ်ရှုပါရန်။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၄၆)၊မြေကွက်အမှတ်(၄၁)၊မြေကွက်တည်နေရာအမှတ်(၄၁)၊ရာဇသကြိန်၀င်း၊(၄၆)ရပ်ကွက်၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ဦးဌေထွန်း(CF–၀၄၇၄၅၈)အမည်ပေါက်၊နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မြေအားအမည်ပေါက်ဦးဌေထွန်း(ကွယ်လွန်)သဖြင့်ဇနီးဖြစ်သူဒေါ်ကြင်သန်း(၁၂/မရက(နိုင်)၀၁၄၀၂၁)(AF–၀၆၁၃၃၉)မှမိမိသည်သာတစ်ဦးတည်းသောတရား၀င်ဇနီးဖြစ်ကြောင်း၊မိမိမှလွဲ၍ အခြားသောဇနီး၊မယားတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊မိမိသည်သာတရား၀င်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊မိမိမှလွဲ၍အခြားသောအမွေဆက်ခံမည့်သူတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ကျမ်းကျိန်လွှာ၊ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊(ခင်ပွန်း)ဦးဌေထွန်း၏သေဆုံးမှုလက်မှတ်၊ဂရန်၊နိုင်/ကတ်၊အိမ်ထောင်စုလူဦးရေစာရင်းတို့တင်ပြ၍ပိုင်ဆိုင်ကြောင်းနှင့်စာချုပ်ချုပ်ဆိုရန်နှင့် အရောင်းအ၀ယ်စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဖန်ချက်စက်လမ်းနှင့် ဆန်စက်လမ်းပေါ်ရှိ အခန်း(2A–209)၊ မှဒိတာအိမ်ရာ(၂)အား ဦးခင်ဝင်း[၁၂/ကမတ(နိုင်)၀၀၈၁၄၇]က တော်ဝင်မိသားစုဆောက်လုပ်ရေးကုမ္ပဏီထံမှ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဦးခင်ဝင်းသည် (၂၉–၃–၂၀၂၂)ရက်နေ့တွင် ကွယ်လွန်ခဲ့ပါသည်။

ယခုအခါ အဆိုပါအခန်း (2A–209)အား ဇနီးဖြစ်သူ ဒေါ်လွင်လွင်မြင့် [၁၂/ကမတ(နိုင်)၀၀၇၂၁၁]သို့ အမည်ပြောင်းလဲမည်ဖြစ်ပါ၍ ကန့်ကွက်ရန်အကြောင်းရှိပါက စာရွက်စာတမ်းအထောက်အထားများဖြင့် တော်ဝင်မိသားစုဆောက်လုပ်ရေးကုမ္ပဏီသို့ (၁)လအတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်၀င်းဝင်းထက်(LL.B, LL.M)
တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၇၆)
အမှတ်(၄၆)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းဒံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၄၂၀၁၁၅၇၆

ငြင်းချက်ထုတ်ရန်ဆင့်စာ

(တရားမကျင့်ထုံး၃၀ပဒေအမိန့်–၅၊ နည်း၃၀ပဒေ ၂၀)
သာကေတမြို့နယ်တရားရုံးတော်၌
၂၀၂၃ ခုနှစ် ၊ တရားမကြီးမှုအမှတ်–၂

ဒေါ်တင်တင်ဝင်း နှင့် ဦးခင်ဝိုး
(တရားလို) **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၅–ရပ်ကွက်၊ သိပ္ပံ(၂)လမ်း(တောင်)၊ အမှတ်–၂၄၈(ခ)နေ ဦးခင်ဝိုး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဒေါ်တင်တင်ဝင်းက မြေနှင့်အိမ်အား ပဋိညာဉ်အတိုင်းမှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ (၂)ရက် (၁၃၈၄) ခုနှစ်၊ တပို့တွဲလဆန်း(၁၃)ရက်နေ့ မွန်းမတည့်မီ (၁၀)နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို၏ အဆိုလွှာကို ထုချေချင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအဖို့ပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်ကတင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ ဧနန်ဝါရီလ (၁၉) ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အောင်ကျော်ဆန်း)
တွဲဖက်မြို့နယ်တရားသူကြီး (၁)
သာကေတမြို့နယ်တရားရုံး

အများသိစေရန်ကြေညာခြင်း

သထုံမြို့၊ မြေနီကုန်းကျေးရွာနေ ဦးဘုန်းအောင်၏ သား ဦးနိုင်စိုး[၁၀/ပမန(နိုင်)၁၃၂၆၉၁]ကိုင်ဆောင်သူမှ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်–

သထုံမြို့နယ်၊ မြေနီကုန်းကျေးရွာအုပ်စု၊ ဦးပိုင်အမှတ်(၅၀/၁)ကွင်းအမှတ်(၆၄၈/ခ)၊ ကွင်းအမည်–မြေနီကုန်းအရှေ့ကွင်း၊ ဧရိယာ(၁.၀၀)ဧကရှိ ခြံမြေနှင့် ခြံမြေပေါ်ရှိ အဆောက်အဦများနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ကျွန်တော်မှ ဝယ်ယူပိုင်ဆိုင်ထားသော အိမ်ခြံမြေဖြစ်သောကြောင့် အခြားမည်သူတစ်ဦးတစ်ယောက်နှင့်မျှ လုံး၀သက်ဆိုင်ခြင်းမရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဦးနိုင်စိုး[၁၀/ပမန(နိုင်)၁၃၂၆၉၁]**

အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေများဖြစ်ကြသော ဦးအောင်ဇော်၀င်း(ခ)ဦးမျိုးသန့်(ကွယ်လွန်)၏ ဇနီး ဒေါ်ချိုနှင့် ဒေါ်နွဲ့းအေး(ခ)ဒေါ်ခင်ဆွေဦးတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၁၄၊ မြေကွက်အမှတ်–၆၅/ဆ–၂၊ ဧရိယာ ၀.၇၀၇ ကေဟုခေါ်တွင်သော မြေပိုင်မြေမှာ ဦးအောင်ဇော်၀င်း(ခ) ဦးမျိုးသန့် [၁၂/လမန(နိုင်)၀၆၀၁၉၄]နှင့် ဒေါ်နွဲ့းအေး (ခ) ဒေါ်ခင်ဆွေဦး [၁၂/လမန(နိုင်)၀၆၀၆၀၉၂]တို့မှ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ယနေ့အချိန်ထိ အမည်ပေါက် ပိုင်ဆိုင်ကြောင်းသူများဖြစ်ပါသည်။ အဆိုပါ မြေပေါ်တွင် လူနေရပ်ကွက်အဆေါ်အမှတ်–၃၁၊ (စ)လမ်း၊ (၆) ရပ်ကွက်၊ လှိုင်မြို့နယ်၊ မြေအကျယ်အလျား(၁၈) ပေx အနံ (၅၀)ပေပေါ်တွင် လက်ရှိနေထိုင်ကြသူများသည် အဆောက်အဦကျူးကျော်ဆောက်လုပ်၍ နေထိုင်ကြသူများဖြစ်ကြပြီး ၎င်းတို့သည် အဆိုပါမြေနှင့် ပတ်သက်၍ တရားဝင်စီမံခန့်ခွဲပိုင်ခွင့်ရှိသူများ မဟုတ်ကြောင်းနှင့် ယင်းမြေနှင့်ပတ်သက်၍ အမည်ပေါက်မြေပိုင်ရှင်များ သိရှိသဘောတူခွင့်ပြုခြင်း မရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ ပေးကမ်းခြင်းများပြုလုပ်ဆောင်ရွက် ပါက မြေပိုင်ရှင်များမှ ကန့်ကွက်ကြောင်းနှင့် အကယ်၍ မြေပိုင်ဆိုင်မှုပတ်သက်၍ တစ်စုံတစ်ရာ ဆောင်ရွက်ခဲ့ပါက ဖြစ်ပေါ်လာမည့်ကိစ္စရပ်အ၀ဝအား ပြုလုပ်ဆောင်ရွက်သူများမှ တာ၀န်ယူပေးဖြေရှင်းရမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ–**
ဒေါ်ဝါဝါမေ၀င်း (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်–၁၅၂၄/၂၇–၁၂–၂၀၁၈)
အမှတ်–၁၂/A–၃၊ (စ)လမ်း၊ (၆)ရပ်ကွက်၊ လှိုင်မြို့နယ်။
ဖုန်း–၀၉–၄၂၀၁၇၈၂၃၊ ၀၉–၉၅၁၉၉၀၃၇၁

အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စန္ဒာအေး(အဖ) ဦးစံထွန်း[၁၂/သဃက(နိုင်)၁၈၈၇၇၆]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်–

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၈၂)ရပ်ကွက်၊ ဂရုဏာ(၁၃)လမ်း၊ မြေကွက်အမှတ်(၄၃၃)ပေx အနံ(၆၀ပေ)ရှိ မြေကွက်မှာ ကျွန်ုပ်မိတ်ဆွေ၏ဖခင် ဒုအရာခံဗိုလ်–ဦးစံထွန်း(ကိုယ်ပိုင်အမှတ်–၁၃၉၆၁၂)အား နိုင်ငံတော်အစိုးရမှ တရားဝင်ချထားပေးခဲ့သော ဝန်ထမ်းမြေကွက်(ပါမစ်မြေ)ဖြစ်ပါသည်။ ဦးစံထွန်းမှာ(၁၉၉၈)ခုနှစ်တွင် ကွယ်လွန်ခဲ့ပါသည်။

ယင်းမြေကွက်ပေါ်တွင် ကျွန်ုပ်မိတ်ဆွေ ဒေါ်စန္ဒာအေး၏သဘောတူခွင့်ပြုချက်မရှိဘဲ ကျူးကျော်၀င်ရောက်နေထိုင်ခြင်းမပြုရန် တားမြစ်လိုက်ပါသည်။ အကယ်၍ ကျူးကျော်၀င်ရောက်နေထိုင်ပါက ဥပဒေနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်စန္ဒာအေး၏ လွှဲအပ်ညွှန်ကြားချက်အရ–

ဦးအုန်းမြင့်	**ဒေါ်ကေခိုင်မွန်**
B.Sc(Q)., C.T Med, H.G.P.,R.L	**LL.B, D.B.L,D.M.L, D.I.L**
D.B.L, D.M.L, D.I.L, D.A.Psy., D.A.E	**တရားလွှတ်တော်ရှေ့နေ**
တရားလွှတ်တော်ရှေ့နေ(စဉ်–၇၄၅၈)	**(စဉ်–၁၅၄၉၀)**
ဖုန်း–၀၉–၄၃၁၁၉၀၃	

အမှတ်(၇၄၅)၊ မြရတနာ(၆)လမ်း၊ ၂၄–ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၅)ရပ်ကွက်၊ ကမ်းနားလမ်း၊ မြေကွက်အမှတ်–၅၄၄/၅၄၆ ရှိ (၁၂)ထပ်ခွဲတိုက်၏ ပထမထပ်၊ အခန်းအမှတ်–၄၊ အကျယ်ပေ(၁၅၀၀)စတုရန်းပေရှိ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

အထက်ဖော်ပြပါတိုက်ခန်းအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ M.M.M ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်ဥက္ကဋ္ဌဖြစ်သူ ဦးကျော်မင်းနှင့် ချုပ်ဆိုခဲ့သည့် "အခန်းလက်ဝယ်ရရှိကြောင်း ကတိဝန်ခံချက်"စာချုပ်(မူရင်း)မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင်ရှိ၍ စာချုပ်မိတ္တူ ရရှိပိုင်ဆိုင်ခဲ့ခြင်းဖြစ်ကြောင်း ဝန်ခံပြီး M.M.M ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်၏ **"အခန်းပေးအပ်/လက်ခံရရှိခြင်းကတိစာချုပ်"** မူရင်းတို့ဖြင့် လက်ဝယ်ထားရှိပိုင်ဆိုင်နေထိုင်သူပိုင်ရှင်များဖြစ်ကြောင်း ဝန်ခံကတိပြုရောင်းချသူများဖြစ်သော ဦးအောင်ဟိန်း [၁၂/လမတ(နိုင်)၀၂၃၀၂]နှင့် ဒေါ်မာမာအေး[၁၂/လမတ(နိုင်)၀၀၉၆၉၉]တို့ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်သောကြောင့် အထက်ဖော်ပြပါ တိုက်ခန်း၏ ပိုင်ရေးဆိုင်ခွင့်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူမည်သူမဆို တိုက်ခန်းပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များနှင့်အတူ ယနေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ–**
ဒေါ်ခင်မာလွင်(LL.B,D.B.L)
တရားလွှတ်တော်ရှေ့နေ(စဉ်–၇၆၅၂)
အမှတ်–၁၁၂၊ ဗိုလ်ချုပ်လမ်း၊ (၅)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။
ဖုန်း–၀၉–၅၁၀၉၆၆၉

ကန့်ကွက်လိုက ထိုးလုံသော မှတ်ပုံတင်စာရွက်စာတမ်းများ၊ တရားရုံးအထောက်အထားစာရင်းလိုခြင်း ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

စဉ်	လျှောက်ထားသူ		လျှောက်ထားသည့်					လျှောက်ထားသည့်
	အမည်	မှတ်ပုံတင်	မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	လိပ်စာ	အကြောင်းအရာ
၁။	ဒေါ်သက်ထားရွှေ	၁၀/မလမ(နိုင်) ၂၈၀၀၈၈	ဒဂုံတောင်	၁၇	၅၀၈/ခ

ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၉(ဝါးတရာ)၊ မြေကွက်အမှတ်-၂၃၅+၂၄၆+၂၃၃၊ ဧရိယာ-၈.၃၂၈ဇကအကျယ်အဝန်းရှိ ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၂၃)ရပ်ကွက်၊ သံဒင်းလမ်း၊ အမှတ်-၂၇၅+၂၇၆+၂၇၇ ဟုခေါ်တွင်သည့် နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် မြေပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနဒွိဘေအောင်ကျော်ထက် (၂/ဒမဆ(နိုင်)ဝဝ၃၈၉၇)၏အမည်ပေါက်ဖြစ်ပြီး အဆိုပါမြေကွက်နှင့်တကွ မြေပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်ကို ဦးဒေအောင်ဇော်ထက်မှ ညီဖြစ်သူ ဦးသန်းထွန်းစိုး(၁၂/ပဇတ(နိုင်)ဝဝ၄၀၈၁)အား မေတ္တာဖြင့်အပိုင်ပေးကမ်းမည်ဖြစ်ပါသဖြင့် ထိုသို့မေတ္တာဖြင့်အပိုင်ပေးကမ်းခြင်းအပေါ် ကန့်ကွက်လိုပါက ယနေ့မှစ၍(၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား မူရင်းစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံလူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်သူမရှိပါက မေတ္တာဖြင့်အပိုင်ပေးကမ်းခြင်းကို ဥပဒေနှင့်အညီ တရားဝင်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရှိ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ

သင်းကြူစိုး LL.B., LL.M.

တရားလွှတ်တော်ရှေ့နေ (စဉ်- ၆၅၅၆)

ရုံး-အမှတ်-၅၅၊ အခန်း-၂၆၊ တတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း- ၀၁-၈၃၇၉၉၉၉၊ ၀၉-၅၀-၁၆၃၅၂၂ ၀၉-၇၉၇၉၀၅၅၉၉

အများသိစေရန်အသိပေးခြင်းကြေညာစာချက်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပျားရည်ကုန်းရပ်ကွက်၊ ကျွဲကွန်ဆဲလမ်း၊ အမှတ်-၁၆၀၊ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်အမှတ် (၁၀၁၂၉၉၈၇၂/၂၀၂၂-၂၀၂၃) အရ ဖွဲ့စည်းထားသော ပြည်ဟိန်းကောင်းဆောက်လုပ်ရေးကုမ္ပဏီလီမိတက်သည် ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ (၈) ရက်နေ့တွင် ရန်ကုန်မြို့တော်စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတော်၌ အောက်တွင်ဖော်ပြထားသော လုပ်ငန်းအမှတ်တံဆိပ်အမှတ်အသားကို စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၁၀၅၇၁/၂၀၂၂) ဖြင့် မိမိတစ်ဦးတည်ပိုင်အဖြစ်သုံးစွဲရန်အတွက် မှတ်ပုံတင်သွင်းခဲ့ပြီးဖြစ်ပါသည်-

PYE HEINN KAUNG Reg : IV - 10571/2022
Construction Co.,Ltd.

(အထက်တွင် ကပ်နှိပ်ဖော်ပြထားသော လုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားမှာ PYE HEINN KAUNG ဟူသော အမည်အမှတ်အသားဖြစ်ပါသည်။

